# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဗြဟ္မဏ**

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည်မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၁၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC) ဌာန၏ အကြီးအကဲဖြစ်သူ General Kittisak Boonprathamchai ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ ယဉ်ကျေးမှုအဖွဲ့အချင်းချင်း ထိတွေ့ဆက်ဆံခြင်းတို့ကို

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC) ဌာန၏ အကြီးအကဲဖြစ်သူ General Kittisak Boonprathamchai အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ် စ ရာ


**ကနေ့ဒါရောက် မြန်မာနိုင်ငံသားများအနေဖြင့် ဇန်နဝါရီ ၁၅ ရက်မှစ၍ ဝင်ငွေခွန် စတင်ထမ်းဆောင်နိုင်ပြီ ဟု သံရုံးအသိပေး** — ပြည်တွင်းသတင်း စာ ၃

**ဂျပန်ကုမ္ပဏီ ၁၉၀ ကျော်က မြန်မာအလုပ်သမား ၆၀၀ နီးပါး ခေါ်ယူမည်** — ပြည်တွင်းသတင်း စာ ၉

**ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့် ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့** — ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်း

သန်းခေါင်စာရင်း ကောက်ယူခြင်းဟူသည် နိုင်ငံတစ်နိုင်ငံတွင် အချိန်ကာလတစ်ခု၌ ရှိနေသည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ရယူခြင်းပင်ဖြစ်သည်။ အဆိုပါ အချက်အလက်များသည် နိုင်ငံတော်အစိုးရနှင့် အချက်အလက်အသုံးပြုသူများအတွက် မရှိမဖြစ်လိုအပ်ပြီး စီမံကိန်းများရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်းတို့ ဆောင်ရွက်ရာတွင် အသုံးပြုကြရခြင်းဖြစ်သည်။ နိုင်ငံတော်၏ ဘတ်ဂျက်ခွဲဝေမှု၊ ကျောင်း၊ ဆေးရုံ၊ လမ်းတံတားများ တည်ဆောက်မှုတို့ အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှုတို့အတွက်လည်း အထောက်အပံ့ဖြစ်စေသည်။

လူဦးရေသတင်းအချက်အလက်ဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအသီးသီးတို့တွင် ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူလေ့ရှိကြသည်။ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူမှုသမိုင်းတွင် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် အခွန်ကောက်ခံရေးနှင့် စစ်မှုထမ်းဆောင်ရေးတို့အတွက် သန်းခေါင်စာရင်းကောက်ယူမှုဆန်သည့် စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြပြီး ကိုလိုနီနိုင်ငံဘဝတွင်လည်း နယ်ချဲ့အစိုးရက ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ လွတ်လပ်ရေးရပြီးခေတ်တွင် ၁၉၇၃ ခုနှစ်တွင်မှ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့ပြီး နောက် ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ထပ်မံကောက်ယူခဲ့သည်။ သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၁၈၉၁ ခုနှစ်တွင် ရှစ်သန်းကျော်၊ ၁၉၁၁ ခုနှစ်တွင် ၁၂ သန်းကျော်၊ ၁၉၂၁ ခုနှစ်တွင် ၁၃ သန်းကျော်၊ ၁၉၃၁ ခုနှစ်တွင် ၁၄ သန်းကျော်နှင့် ၁၉၄၁ ခုနှစ်တွင် ၁၆ သန်းကျော်ရှိခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် လူဦးရေ ၂၉ သန်းခန့်နှင့် ၁၉၈၃ ခုနှစ်တွင် ၃၅ သန်းကျော်ရှိခဲ့သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၁ ဒသမ ၄၉ သန်းဖြစ်ပြီး လူဦးရေတိုးနှုန်း ၀ ဒသမ ၈၉ ရာခိုင်နှုန်းရှိသည်။

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ဆယ်စုနှစ်တစ်ခု ကြာမြင့်ခဲ့ပြီဖြစ်ရာ ကွဲလွဲမှုများ၊ အပြောင်းအလဲများရှိနေပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၄ ခုနှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံအတွင်း ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှ ရရှိတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များက ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များမှာ အကျိုးရှိရှိလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အစိုးရရဲ့ အဋ္ဌိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ဖြစ်ပေါ်စေရေးအတွက် အခြေခံအချက်ဖြစ်တဲ့ မဲစာရင်းများ မှန်ကန်ပြည့်စုံရေးမှာလည်း အသုံးပြုမှာဖြစ်ပါတယ်" ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ ယခုနှစ် သန်းခေါင်စာရင်း၏ ရည်ညွှန်းချိန်ကို လာမည့် စက်တင်ဘာလ ၃၀ ရက် ည သန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ရည်ညွှန်းချိန်၏ နောက်တစ်နေ့ဖြစ်သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူသွားမည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ဖြစ်ပေါ်စေရေးအတွက် လွန်စွာအရေးပါသည့် သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကြီးတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုင်းဆတ်မြို့နှင့် နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်)တို့တွင် ၀ ဒသမ ၁၆ လက်မစီ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်)နှင့် (ဇေယျာသီရိမြို့နယ်)တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် ကျိုင်းတုံမြို့နှင့် လောမြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။**

**(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။**

**(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။**

**(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။**

**(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။**

## ယခုလအတွက် ဈေးကွက်၌ရောင်းချရန် သင့်တင့်မျှတသော ဆန်ဈေးနှုန်းများကို MRF ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ဇန်နဝါရီလအတွက် ဈေးကွက်၌ရောင်းချရန် သင့်တင့်မျှတသော ဆန်ဈေးနှုန်းအဖြစ် သတ်မှတ်ချက်ထုတ်ပြန်ရာ၌ ၁၀၈ ပေါင် (၂၄ ပြည်) ဆန်တစ်အိတ် ရွှေဘိုပေါ်ဆန်း ၁၀-၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ မှ ၁၃၅၀၀၀ အတွင်း သတ်မှတ်ကြောင်း ဖော်ပြထားသည်။

ထို့အတူ ယခုလတွင် (၁၀၈)ပေါင် (၂၄ ပြည်) ညှော့မထအုပ်စုဖြစ်သည့် (၂၅) မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ မှ ၇၂၀၀၀ အတွင်း၊ ညှော့မထအုပ်စု (၁၅) မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ မှ ၇၅၀၀၀ အတွင်းနှင့် ညှော့မထအုပ်စု (၁၀-၅) မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ မှ ၇၈၀၀၀ အတွင်း ရောင်းချရန် သတ်မှတ်ထားကြောင်း သိရသည်။

အလားတူ ရက် ၉၀၊ ပခန်း၊ အညာသားနှင့် အထူးညှော့မထအုပ်စု (၁၀-၅)မှတ် တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ မှ ၈၅၀၀၀ အတွင်း၊ ရောမင်း၊ ရောပဒေသာ (၁၀-၅) မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀ အတွင်း၊ ဧရာဝတီပေါ်ဆန်းများ (၁၀-၅)မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ မှ ၁၁၀၀၀၀ အတွင်း ရောင်းချရန် MRF က သတ်မှတ်ထားသည်။

အခြားပေါ်ဆန်းများ (၁၀-၅) မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ မှ ၁၀၀၀၀၀ အတွင်း၊ ဧရာဝတီကြားပျံ့(ဘေးကြား/တောင်ပျံ့) (၁၀-၅)မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၁၅၀၀၀ အတွင်း ရောင်းချရန် သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၏ အသင်းဝင်များ၊ ပြည်ပတင်ပို့သည့် Exporter များ၊ ဆန်စပါးကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရန်နှင့် ဈေးကွက်အတွင်း ရောင်းချမှုများတွင် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း ကွာဟမှုရှိနိုင်ကြောင်း၊ Super Market များ၊ Mini Mart များတွင် Consumer Packaging ဖြင့် Modern Trade ရောင်းချမှုများအတွက် ဈေးနှုန်း ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း ကွာဟမှုရှိနိုင်ကြောင်းလည်း ပါရှိသည်။

၂၀၂၃ မိုးစပါးမှ ထွက်ရှိသော ဆန်အသစ်များအတွက်ဖြစ်ကြောင်းနှင့် ဝယ်ယူရန် အခက်အခဲရှိပါက အသင်းချုပ်ရုံးနှင့် ကုန်စည်ဒိုင်များသို့ ဆက်သွယ်ညှိနှိုင်း ဝယ်ယူနိုင်ကြောင်းလည်း MRF က အသိပေးထားသည်။ MT

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စုပေါင်းကာကွယ် ကောလာဟလအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများ၏ ဘုရားပုထိုးများဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*


ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေးတို့တွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ် စစ်သံမှူး Senior Colonel Thanwit Yomchinda တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC) ဌာန၏ အကြီးအကဲဖြစ်သူ General Kittisak Boonprathamchai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC) ဌာန၏ အကြီးအကဲဖြစ်သူ General Kittisak Boonprathamchai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ကနေဒါရောက် မြန်မာနိုင်ငံသားများအနေဖြင့် ဇန်နဝါရီ ၁၅ ရက်မှစ၍ ဝင်ငွေခွန်စတင်ထမ်းဆောင်နိုင်ပြီဟု သံရုံးအသိပေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ကနေဒါနိုင်ငံ၌ ရောက်ရှိနေထိုင်ကာ တရားဝင်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ဇန်နဝါရီ ၁၅ ရက်မှစ၍ လစာဝင်ငွေအပေါ် မိမိထမ်းဆောင်လိုသည့်ကာလများအတွက် ဝင်ငွေခွန်စတင်ထမ်းဆောင်နိုင်ပြီဖြစ်ကြောင်း ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

ကနေဒါနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံကူးလက်မှတ်အမျိုးအစား PJ(Passport–Job) (သို့မဟုတ်) PB (Passport– Business) ကိုင်ဆောင်၍ တရားဝင်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ဇန်နဝါရီ ၁၅ ရက်မှစ၍ မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးရန် မြန်မာသံရုံးသို့ လျှောက်ထားရာတွင် မိမိထမ်းဆောင်လိုသည့် ကာလများအတွက် ဝင်ငွေခွန်များကို တစ်ပါတည်းထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း အသိပေးထားသည်။

ထို့အတူ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ပြီးသူများအနေဖြင့်လည်း မိမိထမ်းဆောင်လိုသည့်ကာလများအတွက် စတင်ထမ်းဆောင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာထားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေအရ ပြည်ပနိုင်ငံများတွင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံခြားငွေဖြင့် ရရှိသောလစာဝင်ငွေအပေါ်တွက်ချက်မှုနည်းလမ်း နှစ်မျိုးဖြင့်တွက်ချက်ပြီး ရရှိသည့်အခွန်ပမာဏ (၂)ရပ်အနက် နည်းရာအခွန်ပမာဏကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ဝင်ငွေခွန်အပေါ် ပေးဆောင်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ဝင်ငွေခွန်ထမ်းဆောင်မည့်သူများအနေဖြင့် အသေးစိတ်အချက်အလက်များ ထပ်မံသိရှိလိုပါက မြန်မာသံရုံး၊ အော်တာဝါမြို့၏ သံရုံး email meottawa@rogers.com ၊ ရုံးတယ်လီဖုန်းအမှတ် ၆၁၃ ၂၃၂၉၉၉၀ နှင့် လက်ကိုင်ဖုန်းအမှတ် ၆၁၃၇၉၉၆၇၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**MT**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနား တက်ရောက်

မုံရွာ ဇန်နဝါရီ ၁၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒေါက်တာ သက်သက်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယ ဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပပြုလုပ်သော ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု (ဗဟို) နာယက ဦးလှထွန်းတို့က ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူး ကွင်းဝင်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ရိုးရာဆုတောင်းတိုင်စိုက်ထူ**

ယင်းနောက် နာဂရိုးရာ တိုင်းရင်းသားများက ရိုးရာကွင်း အတွင်း ရိုးရာတံခွန်တိုင်အား စိုက်ထူကြပြီး ရိုးရာဆုတောင်းတိုင်အား နာဂရိုးရာ ပန်တုံးအဆောက်အဦရှေ့တွင် စိုက်ထူကာ ဒေသခံ တိုင်းရင်းသားများနှင့်အတူ ရိုးရာ ပန်တုံးအား တီးခတ်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီး အခမ်းအနား သဘာပတိက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**လက်တွဲညီညီကျော်လွှား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နာဂဒေသသည် တည်ငြိမ်အေးချမ်းသည့် ဒေသဖြစ်သည့်အတွက် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂဒေသ အတွင်းရှိ လဟယ်၊ လေရှီး၊ နန်းယွန်းမြို့နယ်တို့တွင် နှစ်စဉ် အလှည့်ကျ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယခုနှစ် လေရှီးမြို့တွင် အနယ်နယ်အရပ်ရပ်မှ နာဂတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လာရောက်ဆုံစည်းကာ ပျော်ရွှင်စွာ ကျင်းပနိုင်သည်ကို တွေ့မြင်ရကြောင်း၊ နာဂတိုင်းရင်းသား မျိုးနွယ်စုများ၏ ရိုးရာဓလေ့ ထုံးတမ်းများနှင့် ရိုးရာမြေဝိုင်း အကပဒေသာမျိုးစုံအား တွေ့မြင်ရပြီး ချစ်ကြည်ရင်းနှီးခွင့် ပိုမိုရရှိသည့်အတွက် ဝမ်းသာမဆုံးဖြစ်ရပါကြောင်း၊ နာဂတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်း တို့အား အခြေခံသည့် ပြည်ထောင်စု စိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့် အခက်အခဲဟူသမျှကို လက်တွဲညီညီ ကျော်လွှားသွားကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများ အပါအဝင် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိရာ နာဂတိုင်းရင်းသား ညီအစ်ကို မောင်နှမများအနေဖြင့် အခွင့်အရေးကို အမိအရရယူပြီး အပြည့်အဝအသုံးချ၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**ဘက်စုံတိုးတက်အောင်ဆောင်ရွက်**

နာဂဒေသအတွင်း ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆေးကုသမှု အပြင် ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ တိုးချဲ့ကာကွယ်ဆေး ထိုးခြင်း၊ ကလေးသူငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်သွားလာ စားသောက်မှုပုံစံတို့ စနစ်တကျ ရှိစေရေး ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍများ၌ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံဝန်ထမ်းများအနေဖြင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ လူမှုစီးပွားဘဝ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအချက်များ ဖြစ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးနှင့် စိုက်နည်းစနစ် မှန်ကန်မှု ရှိစေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မြေဆီလွှာဆုံးရှုံးမှုများပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဖြစ်ပေါ်စေသည့် ရွှေ့ပြောင်း တောင်ယာစနစ်ကို လျှော့ချ၍ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး နည်းစနစ်ဖြစ်သည့် ခေတ်မီ လှေကားထစ် လယ်ယာစနစ်ကို လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေး**

နာဂဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ကြမ်း သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များ ပြည့်စုံစေရေးဆောင်ရွက်၍ နိုင်ငံ့စီးပွား မြှင့်တင်ရေး မတည်ရန်ပုံငွေမှ ချေးငွေများရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံ ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဒေသအတွင်း စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကုန်ထုတ်လုပ်ငန်းများကို ဒေသ တစ်ခု ထုတ်ကုန်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် နှင့် ရိုးရာချည်ထည်လုပ်ငန်းများ စနစ်တကျ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နာဂရိုးရာ နှစ်သစ်ကူး ပွဲတော်မှသည် တိုင်းရင်းသားအချင်းချင်း စည်းလုံး ညီညွတ်ရေးကို ဆက်လက်ဆောင်ရွက်၍ နိုင်ငံတော်သစ်ကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး နှင့်အတူ လက်တွဲညီညီ ချီတက် သွားကြရန် တိုက်တွန်းပြောကြားသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် ခင်းကျင်းပြသသည့် ရိုးရာပြခန်းကို ကြည့်ရှုအားပေးစဉ်။



၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနား ကျင်းပစဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲရေးနှင့် (၅) နှစ် အမျိုးသားစီမံကိန်းမူဘောင် ပြန်လည်သုံးသပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေးနှင့် (၅) နှစ် အမျိုးသားစီမံကိန်းမူဘောင် ပြန်လည်သုံးသပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်း ကော်မရှင် ဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည် တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



### ရှင်းလင်းပြောကြား

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် (၅) နှစ် အမျိုးသားစီမံကိန်းမူဘောင် ပြန်လည်သုံးသပ်ရေး၊ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့် ချိတ်ဆက်ရေးဆွဲရေး၊ ရလဒ် ဖော်ထုတ်၍ ဖွံ့ဖြိုးမှုရေရှည်တည်တံ့ရေးကို တွန်းအားပေးဆောင်ရွက်ရေး၊ ရည်မှန်းချက်များ စနစ်တကျ ချမှတ်ဆောင်ရွက်ရေး၊ ပို့ကုန်တိုးမြှင့်ရေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းများကိုပြန်လည်သုံးသပ်ရေးနှင့် စောင့်ကြည့်ကြီးကြပ်မှုအားကောင်းစေရေး၊ ကဏ္ဍအလိုက်နှင့် ဒေသအလိုက်ချိတ်ဆက်မှုများ ပိုမိုအားကောင်းစေရေးနှင့် လျာထားချက်များ ပြည့်စုံမှုရှိရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုး သားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေး နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်အမှာစကား ပြောကြားပြီး နာဂတိုင်းရင်းသူတစ်ဦးက နာဂ ရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းအား ဖတ်ကြားရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု (ဗဟို) ကော်မတီနာယက ဦးရှုစံကြူးက နှစ်သစ်ကူး အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဒေသဖွံ့ဖြိုးရေး ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး သဘာပတိက နိဂုံးချုပ်စကား ပြောကြားကာ နာဂနှစ်သစ်ကူး ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ က ရိုးရာပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ သည် လေရှီးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံဝန်ထမ်းများ အတွက် စားသောက်ဖွယ်ရာများ နှင့် ထောက်ပံ့ငွေများပေးအပ်၍ ဆေးကုသမှု ခံယူနေကြသော ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကာ တာဝန်ရှိသူများနှင့် အတူ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ သည် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်းနှင့် လေရှီးမြို့ နယ်စပ် ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်း သူများ အိပ်ဆောင်၊ စားဆောင်နှင့် စာကြည့်တိုက်တို့ကို လိုက်လံ ကြည့်ရှုစစ်ဆေး၍ အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်သော နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်း သား ကျောင်းသူများ၊ သင်တန်း သူများနှင့် တွေ့ဆုံပွဲအခမ်းအနား သို့ တက်ရောက်သည်။

### ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည် ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီးခရိုင်နှင့် ဟုမ္မလင်းမြို့နယ်များ ရှိ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြု ချီးမြှင့်ငွေ၊ ထောက်ပံ့ပစ္စည်းများ နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး တာဝန်ရှိသူ များ၏ ရှင်းလင်းတင်ပြချက်များ အပေါ် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည် ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ သည် ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်း အနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး၊ လေရှီးမြို့နယ်၊ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစံမြတို့က မီးပုံပွဲအား မီးထွန်းညှိ ဖွင့်လှစ်ပေးကြပြီး နှစ်သစ်ကူးအထိမ်းအမှတ် မီးရှူး မီးပန်းများ ဂုဏ်ပြုပစ်ဖောက် ကြသည်။

ယင်းနောက် နာဂရိုးရာ မျိုးနွယ်စုများအလိုက် ရိုးရာအက များဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြပြီး ကပြ ဖျော်ဖြေပေးခဲ့ကြသော ရိုးရာအက အဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ကာ မီးပုံပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်း တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲ များအဖြစ် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ရိုးရာ ထင်းခုတ်ပြိုင်ပွဲ၊ ချောတိုင်တက် ပြိုင်ပွဲ၊ ရိုးရာနပန်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှု အားပေးပြီး တစ်ဦးချင်းဆုတံဆိပ် နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ




**ပဲခူး ဇန်နဝါရီ ၁၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးတက္ကသိုလ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တက္ကသိုလ် တစ်ခုဆိုတာ နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သည့် ရတနာတစ်ခုဖြစ်ပြီး သာယာဝပြော၍ ငြိမ်းချမ်းသောအနာဂတ်လူ့ဘောင်ကို တည်ထောင်နိုင်ရန် ထူးချွန်ထက်မြက်ပြီး ပညာရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ထုတ်ပေးနေသည့် နေရာတစ်ခုဖြစ်ကြောင်း၊ တက္ကသိုလ်တွင် ဘာသာရပ်ဆိုင်ရာ ပညာရပ်အသီးသီးကို ပို့ချသင်ကြားပေးရုံသာမက အကျင့်စာရိတ္တကောင်းမွန်သည့် ပညာတတ်နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေးလျက်ရှိသည်နှင့်အညီ မောင်တို့/မယ်တို့အနေဖြင့် ဉာဏ်ရည်ထက်မြက်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားသော အသိပညာ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ မောင်မယ်များအနေဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဗလငါးတန်နှင့် ပြည့်စုံပြီး ပညာရည်၊ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး အတွေးအခေါ် မှန်ကန်ရင့်ကျက်သည့် အနာဂတ်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားဆောင်ရွက်ရင်း မိမိတက္ကသိုလ်ကောင်းကျိုး၊ တိုင်းဒေသကြီးကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးများကို တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာအေးအေးခိုင်က တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး သင်ကြားပို့ချသွားမည့် ဝိဇ္ဇာဘာသာရပ် ရှစ်ခုနှင့် သိပ္ပံဘာသာရပ် ခြောက်ခုတို့၏ သိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာပါမောက္ခများက ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများက မြကျွန်းညိုညိုတက္ကသိုလ်၊ ထာဝရမြန်မာ၊ ဗုဒ္ဓ ပူဇနိယ၊ ရှမ်းနှစ်သစ်ကူးပွဲတော် စသည့်တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် မောင်မယ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဘာသာရပ်အလိုက် ခင်းကျင်းပြသထားသည့် သရုပ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ၉၁၊ အုပ်ချုပ်သူ လေးဦး စုစုပေါင်း ၉၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**အလှူငွေများပေးအပ်လှူဒါန်း**

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂမဟာပဏ္ဍိတသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရသည်–



ဦးကျော်စွာဝင်း



ဦးနိုင်ရဲဝင်း

**ဦးကျော်စွာဝင်း (မဟာကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းတာဝန်ခံ ဂေါပက)**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၊ မော်တင်စွန်းဒေသကနေ ဒီမာရဝိဇယဘုရားကြီးဆီကို လာရောက်ပြီးတော့ဖူးမြော်တာဖြစ်ပါတယ်။ အရင်ကတော့တစ်ခါမှ လာရောက်ဖူးမြော်ဖူးခြင်း မရှိပါဘူး။ တီဗွီတွေ၊ မြန်မာ့အသံ၊ ရုပ်မြင်သံကြားတွေ၊ သတင်းတွေမှာသာ ဒီမာရဝိဇယဘုရားကြီးကို တွေ့မြင်ဖူးမြော်ခဲ့ရတာပါ။ ဒီမာရဝိဇယ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စတင်တည်ထားကိုးကွယ်စဉ်အခါကတည်းက ကိုယ်တိုင်လာရောက်ဖူးမြော်ချင်နေတာ ဖြစ်ပါတယ်။ ခုအချိန်မှာတော့ လာရောက် ဖူးမြော်ချင်တဲ့ ဆန္ဒတွေလည်း ပြည့်မြောက်သွားပြီ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တန်ခိုးကြီးစေတီတော်မြတ်ကြီးတွေရဲ့ ဂေါပကအဖွဲ့ဝင်တွေ၊ စေတီတော်တစ်ဆူဆိုရင် ဂေါပကအဖွဲ့ဝင် သုံးဦး၊ လေးဦး အဲဒီလိုမျိုးစနစ်ကလေးတွေနဲ့ လာရောက်ဖူးမြော်နိုင်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ စီစဉ်ပေးပါတယ်။ ယခုလာရောက်ဖူးမြော်တာ express ကားကြီးနှစ်စီးနဲ့ ဖြစ်ပါတယ်။ တစ်စီးမှာဆိုရင် ၄၅ ဦးနဲ့ ဦးရေ ၉၀ လာရောက်ပြီးတော့ ဖူးမြော်ကြည်ညိုတာ ဖြစ်ပါတယ်။ ဒီလိုကြည်ညိုဖူးမြော်နိုင်အောင်လို့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကနေ ဒီလိုမျိုး ဘုရားအဆူဆူ၊ စေတီတော်တွေက ဂေါပကအဖွဲ့ဝင်တွေကို လာရောက်ကြည်ညိုနိုင်အောင်၊ ပြီးတော့ မိမိတို့ဒေသမှာရှိတဲ့ ဘုရားစေတီတော်တွေကို ဘယ်လိုပြုပြင်ထိန်းသိမ်းရမယ်၊ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လာရောက်ပြီးတော့ ဖူးမြော်ကြည်ညိုနိုင်အောင် စီစဉ်ပေးတာလို့သိရတဲ့အတွက် အထူးလည်း ဝမ်းသာပီတိဖြစ်မိပါတယ်။

အခုလိုဒီဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ရရှိခြင်းက အသိပညာများစွာရရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဘက်က ဘုရားက ရေငန်ငွေ့တွေနဲ့အမြဲတမ်းတိုက်ခတ်ပြီးတော့ ရာသီဥတုဒဏ်တွေကို ခံနေရတဲ့ စေတီတော်တစ်ဆူဖြစ်ပါတယ်။ အခုဆိုရင် ဒီကနည်းပညာတွေနဲ့၊ ရှင်းပြပေးတဲ့ အင်ဂျင်နီယာပညာရှင်တွေရဲ့ အကြံပေးပြောပြမှုတွေနဲ့ ကျွန်တော်တို့ စေတီတော်ကြီးကို ပြန်ရောက်တဲ့အခါကျရင် ဘယ်လိုပြုပြင် ထိန်းသိမ်းစောင့်ရှောက်သွားရမလဲဆိုတာကို ကျွန်တော်တို့ ဟိုမှာလည်း သတင်းတွေပြန်လည် မျှဝေပေးမယ်။ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးရဲ့ဘုရားပွဲကို တပေါင်းလဆန်း ၁ ရက်နေ့ ကနေ တပေါင်းလပြည့်နေ့အထိ ဘုရားပွဲကျင်းပဖို့ရှိပါတယ်။ ဒီဘုရားပွဲမကျင်းပမီအချိန်မှာ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်းတွေကို နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုနဲ့အတူ ဆောင်ရွက်နေတဲ့အချိန်ကာလလည်း ဖြစ်ပါတယ်။ ဒီကနည်းပညာတွေနဲ့ ပြောပြပေးတဲ့ဗဟုသုတတွေကို ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်းတွေမှာ စနစ်တကျပေါင်းစပ်ပြီး ဆောင်ရွက်လိုက်မယ်ဆိုရင်၊ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးဟာလည်း ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ နည်းပညာကိုယူပြီး ထိန်းသိမ်းစောင့်ရှောက်သွားမယ်ဆိုရင် အားလုံး အများသူငါ ဖူးမြော်နိုင်တဲ့ စေတီတစ်ဆူဖြစ်လာဖို့လည်း ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။ ဒါ့ကြောင့် ယခုလိုလာရောက်ပြီးတော့ ဖူးမြော်နိုင်အောင်လို့ စီစဉ်ညွှန်ကြားပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့တကွ တပ်မတော်အရာရှိပုဂ္ဂိုလ်များ အားလုံးကို ဂေါပကအားလုံးရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**ဦးနိုင်ရဲဝင်း (တိလောကဥဿျှောင် ရှင်သာလျောင်းဘုရားကြီး ဂေါပကအဖွဲ့ဝင်)**

မာရဝိဇယဘုရားကြီးကို အဝေးကြီးကနေမြင်ပြီး စတင်ဖူးမြော်ရကတည်းက စိတ်ထဲမှာ အလွန်ပဲဝမ်းသာပီတိ ဖြစ်မိပါတယ်။ အခုလို အနီးကပ်ဖူးမြော်ခွင့်ရလိုက်တဲ့အခါ ရင်ထဲမှာပီတိဖြစ်ပြီး ဝမ်းနည်း၊ ဝမ်းသာတောင်ဖြစ်မိပါတယ်။ *စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက ကျင်းပသည့် ချစ်ကြည်ရေး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်



**ရန်ကုန် နေပြည်တော် ၁၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက ကျင်းပသည့် မြန်မာ-တရုတ်ချစ်ကြည်ရေး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။**(ယာပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mrs. Qiao Li၊ တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မစ္စတာ ရှီးကျန့်ဂေါ်နှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းနာယက ဦးတင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ စားပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ်ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင် ချစ်ကြည်ရေးကို တည်ဆောက်ခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် တရုတ်နှစ်သစ်ကူးနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်ပြီး နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားခဲ့ပါကြောင်း၊ ထိုကဲ့သို့ ပြောကြားရာတွင် **"မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများ အတွက် မျက်နှာနှစ်ဖက် ဆက်ဆံရေးမျိုးမရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်း နိုင်ငံတစ်ခုဖြစ်သလို တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်ရုံသာမက ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်"** ဟု ပြောကြားခဲ့ပါကြောင်း၊ မိမိအနေဖြင့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် သံယောဇဉ်ကို ဆက်လက် လက်ဆင့်ကမ်းပြီး မြန်မာ-တရုတ် အေးအတူ-ပူအမျှ အသိုက်အဝန်း တည်ဆောက်ကာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မြဲအောင် တည်ဆောက်လိုပါကြောင်း။

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် ရရှိလာမည့်အကျိုးကျေးဇူးများကို နှစ်နိုင်ငံ ပြည်သူများအတွက် မျှဝေခံစားစေလိုပါကြောင်း၊ ယခု ညစာစားပွဲကို တက်ရောက်လာသည့် ဧည့်သည်တော် မစ္စတာ ရှီးကျန့်ဂေါ်က ၂၀၂၃ ခုနှစ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများအတွက် ကွန်ပျူတာနှင့် ပရင်တာများကို လှူဒါန်းပေးခဲ့သည့်အတွက် လွန်စွာကျေးဇူးတင်ပါကြောင်း၊ ထိုကွန်ပျူတာနှင့် ပရင်တာများကို ခရိုင်အဆင့် ပြည်သူ့ စာကြည့်တိုက်များတွင် ထားရှိကာ စာကြည့်တိုက် ဝန်ဆောင်မှု လုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါကြောင်း။

ယခုအခါ မသမာသူအဖျက်သမားများက မြန်မာ-တရုတ် ချစ်ကြည်ရေး ပျက်ပြားအောင် သတင်းမှားများ ထုတ်လွှင့်ကာ ကြိုးပမ်း ဆောင်ရွက်နေပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အတူတကွ ချစ်ကြည်ရင်းနှီးစွာ အနာဂတ်ကောင်းများကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသူများက နှုတ်ခွန်းဆက် စကားများပြောကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မစ္စတာ ရှီးကျန့်ဂေါ်သည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန အဆောက်အအုံသို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာရာ **(ဝဲပုံ)**တာဝန်ရှိသူများက လူထုအခြေပြု ဗဟိုဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော ပြည်သူများ အသိပညာ မြှင့်မားရေးလုပ်ငန်းများ၊ ပြည်သူ့စာကြည့်တိုက် ဖွင့်လှစ် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် မစ္စတာ ရှီးကျန့်ဂေါ်က လူထုအခြေပြု ဗဟိုဌာန အဆောက်အအုံအတွင်း အမှတ်တရသစ်ပင် စိုက်ပျိုးပေးခဲ့သည်။



**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယခုလိုကိုယ်တိုင်ကိုယ်ကျ အနီးကပ်ဖူးမြော်ရပြီး ဒီမှာရှိတဲ့ တာဝန်ရှိသူတွေက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပုံအဆင့်ဆင့်ကို လိုက်လံရှင်းပြတဲ့အခါမှာ မြန်မာနိုင်ငံမှာ ဒီလိုမျိုးထူးကဲတဲ့ဘုရားကြီးရှိတယ်ဆိုပြီး ကျွန်တော့်အနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ပြီး ဘုရားကြီးကို နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ကမ္ဘာမှာ မြန်မာဟော့ဆိုပြီး ဗုဒ္ဓဘာသာအတွက် သမိုင်းတစ်ခု ထူထောင်နိုင်တဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီဘုရားကြီး စပြီးဖူးတဲ့အခါမှာ ခေတ်အဆက်ဆက်က မြန်မာမှုတွေကိုလည်း အများကြီးလေ့လာတွေ့ရှိရတယ်။ ကမ္ဘာကို ရင်ပေါင်တန်းနိုင်တဲ့ သိပ္ပံပညာနဲ့ နည်းပညာတွေကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာလူမျိုးဖြစ်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ နောက်ပြီး မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်ကွယ်အောင် ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ မြန်မာလူမျိုးအားလုံးမှာ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။

**ဦးသိန်းအောင်(ရှင်ပင်ချမ်းသာကြီးဘုရား ဂေါပက ဥက္ကဋ္ဌ)**

လွန်ခဲ့တဲ့တစ်လလောက်ကတော့ ဒီမာရဝိဇယဘုရားကြီးကို ပထမအကြိမ် လာရောက်ဖူးမြော်ပြီးပါပြီ။ ဘုရားကြီးနဲ့ ပတ်သက်ပြီး လာရောက်ဖူးမြော်ရတဲ့အခါ အင်မတန် ဝမ်းသာကြည်နူးပီတိဖြစ်မိပါတယ်။ ပထမတစ်ခေါက်ကရော အခုဒုတိယအကြိမ်လာရောက်ဖူးမြော်ခွင့်ရတဲ့အခါမှာလည်း ထပ်တူခံစားမိပါတယ်။ အခုလာရောက်ဖူးမြော်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းမှူးရဲ့ညွှန်ကြားချက်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ညွှန်ကြားချက်နဲ့အညီ ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှာရှိတဲ့ ဘုရားစေတီဂေါပကအဖွဲ့ဝင်များအားလုံးကို ဒီမာရာဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ပေးတဲ့အတွက် လာရောက်ဖူးမြော်ကြတာဖြစ်ပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့အစိုးရအဖွဲ့များအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဘုရားကြီးကို ဖူးမြော်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ကို ပြန်ရောက်တဲ့အခါမှာ မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားအပေါင်းတို့ကိုလည်း နေပြည်တော်မှာရှိတဲ့ ဒီဘုရားကြီးနဲ့ ပတ်သက်လို့ ကြည်နူးဝမ်းမြောက်စရာများရှိတဲ့ အကြောင်းကိုလည်း ပြန်လည်ပြောပြပေးသွားမှာဖြစ်ပါတယ်။ ဘုရားကြီးကိုဖူးမြော်တဲ့အခါမှာလေ့လာတွေ့ရှိချက်ကတော့ နဂါးရုံဘုရားနဲ့ပတ်သက်ပြီး အများအားဖြင့် နဂါးရုံရဲ့အပေါ်မှာပဲ တည်ထားတာ တွေ့ဖူးပြီး မာရဝိဇယဘုရားကြီးမှာရှိတဲ့ နဂါးရုံဘုရားဟာဆိုရင် ဘုရားကိုယ်တော်မြတ်ကြီးကို ပါဠိကျမ်းဂန်နဲ့အညီဆောင်ရွက်တယ်လို့ သိရတဲ့အတွက် ထူးဆန်းမှုတစ်ခုဖြစ်ပါတယ်။ ကျောက်စာပေါင်းများစွာကိုလည်း တွေ့ရတဲ့အတွက် ဗုဒ္ဓဘာသာထွန်းကားရေးအတွက်ကို ဒီလောက်ဆောင်ရွက်ထားတဲ့အတွက် များစွာဝမ်းသာဂုဏ်ယူမိပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဦးမောင်မောင်(တိလောကဥသျှောင်ရှင်သာလျောင်းဘုရားကြီး ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ)**

အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အင်မတန်ပျော်ပါတယ်။ အရင်ကတည်းက လာရောက်ဖူးမြော်ချင်ခဲ့တာပါ။ ယခုလို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အစီအစဉ်နဲ့ ပထမဦးဆုံးအကြိမ် လာရောက်ဖူးမြော်ခွင့်ရခြင်းဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ရတာ အားလုံးအံ့မခန်းဖြစ်မိပါတယ်။ ဘယ်ကိုကြည့်ကြည့် မြန်မာမှုလက်ရာတွေနဲ့အပြည့်ဖြစ်နေတာကို တွေ့ရတဲ့အခါမှာ ဘုရားကြီးကို လာရောက်ဖူးမြော်ရတာ အင်မတန်မှတန်ဖိုးရှိလှပါတယ်။ ဒီဘုရားကြီးကို တည်ထားကိုးကွယ်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ



ဦးသိန်းအောင်



ဦးမောင်မောင်

တာဝန်ရှိသူအားလုံးနဲ့ ရှင်းလင်းဆောင်မှာ ဘုရားကြီးရဲ့သမိုင်းကို ရက်ပေါင်းတစ်ထောင်ကျော်တည်ဆောက်ခဲ့ပုံ အဆင့်ဆင့်ကို ရှင်းပြတဲ့အခါ ဘုရားကြီးနဲ့ပတ်သက်ပြီး တော်တော်ကြီးကို အံ့မခန်းဖြစ်မိပါတယ်။ ဘုရားကြီးနဲ့ပတ်သက်ပြီး ကမ္ဘာမှာမြန်မာအနေနဲ့ ဂုဏ်ယူဝင့်ကြွားလို့ရတာပေါ့။ နိုင်ငံခြားသားပညာရှင်တွေမပါဘဲ မြန်မာအင်ဂျင်နီယာပညာရှင်တွေနဲ့ပဲ စုပေါင်းလုပ်ကိုင်တည်ထားတဲ့ ဒီဘုရားကြီးဟာ အင်မတန် အံ့မခန်းလောက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဘုရားကြီးကို လာရောက်ဖူးမြော်တဲ့နေရာမှာ အင်မတန်ဝေးတဲ့အတွက် တစ်ရက်ဆိုတဲ့အချိန်ဟာ နည်းပါတယ်။ ကျွန်တော့်အနေနဲ့ နောက်တစ်ခေါက် မိသားစုစုံစုံလင်လင်နဲ့ အေးအေးဆေးဆေး အချိန်ပေးပြီး လာရောက်ဖူးမြော်ချင်ပါသေးတယ်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ၁၉၄၈ ခုနှစ်မှစ၍ နှစ်ပေါင်း (၇၆) နှစ်တိုင်ရှိပြီဖြစ်ပြီး ရေးယခင်ထက် စည်းလုံးညီညွတ်စွာဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲ ကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလက ရုရှားနိုင်ငံသို့ ဒေသန္တရရွေးကောက်ပွဲသွားရောက် လေ့လာခဲ့မှုများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက လာမည့်မတ်လတွင်ကျင်းပမည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်မှ အဆင့်မြင့် ကိုယ်စားလှယ်များ လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားခဲ့ပြီး လေ့လာရေးခရီးစဉ်အတွက် ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံအကြား ရွေးကောက်ပွဲ ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး ဆွေးနွေးမေးမြန်းမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြား၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သံမဏိ၊ အထည်အလိပ်နှင့် ဆေးဝါးစက်ရုံများ ကြည့်ရှုလေ့လာရန် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဇန်နဝါရီ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ သံမဏိ၊ အထည်အလိပ်နှင့်ဆေးဝါးစက်ရုံများ ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**တွေ့ဆုံဆွေးနွေးသွားမည်**

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ရှိ နေစဉ်ကာလအတွင်း သံမဏိစက်ရုံများ၊ အထည် အလိပ်စက်ရုံများ၊ ဆေးဝါးစက်ရုံများနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် နည်းပညာတက္ကသိုလ်၊ ကောလိပ်များကို လေ့လာကြည့်ရှုခြင်း၊ ဘန်ဂေါကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ စီးပွားရေးဆိုင်ရာ အသင်းများ၊ ဆေးဝါးဆိုင်ရာ အဖွဲ့အစည်းများ၊ အထည်အလိပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်ငါးဦး လိုက်ပါသွားပြီး အဆိုပါကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ ဒုတိယသံအမတ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase II ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ အထောက်အကူပြုနိုင်ရေးအတွက် Gender Focal Person များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

လူမှုဝန်ထမ်းဦးစီးဌာနက ဦးစီး၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း– NSPAW Phase II (၂၀၂၃–၂၀၃၂) ကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် Gender Focal Person များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ သက်ဆိုင်ရာဦးစီးဌာန ၄၆ ခုမှ Gender Focal Person ၄၆ ဦး တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း NSPAW Phase II (၂၀၂၃–၂၀၃၂) ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်ကော်မတီ တစ်ခုနှင့် လုပ်ငန်းကော်မတီ ၁၂ ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်နှင့်အညီ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီများအလိုက် စီမံချက်လုပ်ငန်းစဉ်များ ရေးဆွဲခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် လက်ရှိရေးဆွဲလျက်ရှိသည့် NSPAW Phase II(၂၀၂၃–၂၀၃၂)၏ စီမံချက်လုပ်ငန်းစဉ်(မူကြမ်း)များ ရေးဆွဲဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို အသိပေးရန်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် သုံးခုအောက်ရှိ ကဏ္ဍပေါင်းစုံမှအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်သည့် အာဆီယံဒေသတွင်းကဏ္ဍပေါင်းစုံတွင် ကျား၊ မ ရေးရာထည့်သွင်းစဉ်းစားမှု မဟာဗျူဟာမူဘောင်အား သိရှိနားလည်ရန်လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် Gender Focal Person များအနေနှင့် မိမိတို့သက်ဆိုင်ရာဌာနများတွင် ကျား၊ မ တန်းတူညီမျှရေး၊ အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးဆောင်ရွက်မှုများနှင့် NSPAW Phase II ၏ လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျား၊ မရေးရာ တာဝန်ခံများ၏ (ToR) များကို သတ်မှတ်နိုင်ရေး ဆွေးနွေးပေးစေလိုကြောင်း မှာကြားသည်။ **(ဝဲပုံ)**



ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက အာဆီယံဒေသတွင်း ကဏ္ဍပေါင်းစုံတွင် ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားမှု မဟာဗျူဟာမူဘောင်နှင့် NSPAW ရေးသားရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာများက Gender Focal Person များက NSPAW Phase II လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျား၊ မ ရေးရာတာဝန်ခံများ၏ (ToR)နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရမည့်ကိစ္စများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း၊ အခမ်းအနားကျင်းပရေးအတွက် ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ အခမ်းအနားကျင်းပရေး၊ ဆုချီးမြှင့်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးနှင့်လုံခြုံရေးကိစ္စများကို လစ်ဟာမှု မရှိအောင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခမ်းအနားသို့တက်ရောက်လာမည့် သက်ကြီးအနုပညာရှင်ကြီးများ၏ ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီအလိုက် ရေးဆွဲထားသည့် စီမံချက်ပါ အချိန်ဇယားအတိုင်း လုပ်ငန်းများ ပြီးမြောက်အောင် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တက်ရောက်လာကြသူများက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

## နှလုံးသားမှ ပိုးလမ်းမ Care for the Future လှူဒါန်းမှုအစီအစဉ်နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးယဉ်ကျေးမှုနှင့် ပညာရေးဖလှယ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**



မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အနေဖြင့် ကျင်းပသည့် နှလုံးသားမှ ပိုးလမ်းမ Care for the Future လှူဒါန်းမှုအစီအစဉ်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးယဉ်ကျေးမှုနှင့် ပညာရေးဖလှယ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန် လမ်းမကြီးရှိ Myanmar Sports Hotel ဝင်းအတွင်းရှိ MIEC ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် China Foundation for Peace and Development အတွင်းရေးမှူး မစ္စတာ ရှီးကျင့်ဂေါ်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ၊ မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းနာယက၊ ပြည်ထောင်စုစာရင်းစစ်ချုပ် (ငြိမ်း) ဦးတင်ဦးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ အတိုင်ပင်ခံ မစ္စစ်ရှောင်လီက မြန်မာ - တရုတ် ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်ချိုချိုမြတ်အောင်က ပညာရေးပူးပေါင်းဆောင်ရွက်မှုအကြောင်းကို လည်းကောင်း၊ နေအုပ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးနေအုပ်က လူမှုရေး ပူးပေါင်းဆောင်ရွက်မှုအကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် China Foundation for Peace and Development နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း၏ကိုယ်စား အတွင်းရေးမှူး မစ္စတာ ရှီးကျင့်ဂေါ်က ရန်ကုန်မြို့ လေ့ကျင့်ရေး အလယ်တန်းကျောင်း (ရန်ကင်း) အတွက် စာရေးကိရိယာများ၊ LED မီးလုံးများ၊ အားကစားပစ္စည်းနှင့် ဆွမ်းမျိုးပေါက်ဖော် မဂ္ဂဇင်းတို့အတွက် အသုံးပြုနိုင်ရန် စုစုပေါင်း တန်ဖိုး အလှူငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း၏ Senior President ဖြစ်သူ ဦးသစ္စာ(ခ)Mr.LiBoBo က ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်မှ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ပြီး တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၄ ခုနှစ်သည် တရုတ်-အာဆီယံယဉ်ကျေးမှုဖလှယ်ရေးနှစ်ဖြစ်ပြီး တရုတ် - မြန်မာ နှစ်နိုင်ငံအကြား ပညာရေး၊ ပြည်သူအချင်းချင်း ယဉ်ကျေးမှုဖလှယ်မှု၊ ပူပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာစေရန်နှင့် နှစ်နိုင်ငံ ဆက်ဆံရေး စဉ်ဆက်မပြတ် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်အိတ်များထောက်ပံ့ပေးအပ်

**သာစည် ဇန်နဝါရီ ၁၆**

သာစည်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စိုက်ပျိုးထားသည့် ဌာနပိုင်ဝန်ထမ်းသက်သာစိုက်ခင်းမှထွက်ရှိသော ဆန်အိတ်များကို ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၃ နာရီက အဆိုပါဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က ဝန်ထမ်းသက်သာထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်းသက်သာစိုက်ခင်းမှထွက်ရှိသော မနောသုခ(GW-11)ဆန်အိတ်များကို ဝန်ထမ်း ၅၃ ဦးအတွက် တစ်ဦးလျှင် ဆန် ၂၄ ပြည်အိတ်တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၅၃ အိတ်ကို ထောက်ပံ့ပေးသည်။

ဝန်ထမ်းသက်သာထောက်ပံ့ပေးအပ်ပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ဒုတိယဦးစီးမှူးများနှင့် မြို့ပေါ်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ဂျပန်ကုမ္ပဏီ ၁၉၀ ကျော်က မြန်မာအလုပ်သမား ၆၀၀ နီးပါး ခေါ်ယူမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ဂျပန်ကုမ္ပဏီ ၁၉၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၆၀၀ နီးပါး ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဇန်နဝါရီ ၁၅ ရက်တွင် ထုတ်ပြန်လိုက်သည်။မြန်မာသံရုံးက ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၁၉၀ နှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၂၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၂၀၀ ကျော်၊ အမျိုးသမီး ၃၀၀ ကျော် စုစုပေါင်း ဦးရေ ၅၉၂ ဦးကို ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။ “၂၀၂၂ ခုနှစ် မတ်လမှစ၍ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ သုံးသောင်းဝန်းကျင်ခန့် စေလွှတ်နိုင်ခဲ့တယ်လို့ ခန့်မှန်းရတယ်။ ဂျပန်ထွက်တဲ့သူတွေများနေတော့ ၂၀၂၄ ခုနှစ်ပိုင်းမှာလည်း များမယ်လို့ ခန့်မှန်းမိပါတယ်”ဟု ငွေကြိုးကြာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းစည်သူက ပြောကြားသည်။ လက်ရှိတွင် တရားဝင်လိုင်စင်ရ ပြည်ပအလုပ်အကိုင်အေဂျင်စီအရေအတွက် များပြားလာပြီဖြစ်၍ ပိုမိုကောင်းမွန်လာကြောင်းလည်း ၎င်းက ပြောကြားသည်။

မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိကာ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်းအထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁၆ ရက်မှ ၂၉ ရက်အတွင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စိစစ်ပေးပို့ပြန်ကြားခဲ့သော အလုပ်ကမ်းလှမ်းစာ ၂၉၅ ခုတွင် မြန်မာအလုပ်သမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်းဦးရေ ၁၁၀၀ ကျော်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

**MT**

# အကြမ်းဖက်သောင်းကျန်းသူများက ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများအား ဖျက်ဆီးမှုများနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၆

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊စေတီ၊ပုထိုးများ၊ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကား ဖျက်ဆီးနေသည့် လုပ်ရပ်များသည် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဧဝံဂေလိအသင်းတော် (ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနာတနဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိပါသည်။ ထို့ပြင် ဇန်နဝါရီလပထမပတ်တွင် ဘုရားဆင်းတုတော်ကို ဖျက်ဆီးနေသည့် ဗီဒီယိုဖိုင်များကိုလည်း လူမှုကွန်ရက်တွင် တွေ့မြင်နေရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများက ဗုဒ္ဓဘာသာသာသနာကို စော်ကားနေသည့် လုပ်ရပ်များအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ဗုဒ္ဓသာသနာကို ညှိုးနွမ်းအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာအသီးသီးနှင့် သက်ဆိုင်သော ဘာသာရေးအဆောက်အဦများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးသည့်လုပ်ရပ်များအား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကိုပြုလုပ်၍ တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်ကို တွေ့မြင်ကြားသိနေရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဘုရား၊ စေတီပုထိုးများအား ဖျက်ဆီးမှုများအား မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီပုထိုးအား ဖျက်ဆီးခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် အကြမ်းသမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ ဘုရားစေတီပုထိုးများ၊ ဘာသာရေးအဆောက်အဦများအား ဖျက်ဆီးခဲ့သည့် လုပ်ရပ်အား ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရား၊ စေတီပုထိုးနှင့် ဘာသာရေးအဆောက်အဦများအား ဖြိုချဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိခြင်းကို လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

၁။ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖြိုချဖျက်ဆီးခြင်းအပါအဝင် အကြမ်းဖက်လုပ်ရပ်ပေါင်းစုံကို ပြုလုပ်လျက်ရှိသည်။

၂။ ထိုသို့ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

(၁၆.၁.၂၀၂၄)

၁။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရားစေတီများအား ဖြိုချဖျက်ဆီးခြင်း၊ သာသနာရေးအဆောက်အဦများအား ပစ်ခတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြားသိနေရပါသည်။

၂။ ယင်းအကြမ်းဖက်လုပ်ဆောင်မှုသည် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို လှောင်ပြောင် စော်ကားခြင်း၊ လူမျိုးရေးခွဲခြားခြင်းနှင့် သာသနာဖျက်ဆီးခြင်းများဖြစ်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)က အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီပုထိုးများ၊ သာသနိက အဆောက်အဦများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပြီး မိမိတို့ သနာတနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်အနေဖြင့် ထိုကဲ့သို့အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)
အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်

၁။ မြို့နယ်အချို့ရှိ ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များ၊ ဗုံးများဖြင့် ပစ်ခတ်ဖောက်ခွဲပြီး ဖြိုချဖျက်ဆီးခဲ့ကြောင်း ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၁၆.၁.၂၀၂၄)

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်၊ ဖြိုချဖျက်ဆီးခြင်းများ လုပ်ဆောင်နေကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုကို စော်ကားသောလုပ်ရပ်ဖြစ်သောကြောင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီက အကြမ်းဖက်သောင်းကျန်းသူများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၁၆.၁.၂၀၂၄)

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဗုံးများဖြင့် ပစ်ခတ်ဖြိုချဖျက်ဆီးမှုများ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ ဖြိုချဖျက်ဆီးခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ အင်္ဂါနေ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နယ်နိမိတ်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စစ်သွေးကြွလက်နက်ကိုင်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် စစ်မက်များဖြစ်ပွားလျက်ရှိပြီး ၎င်းစစ်မက်ဖြစ်ပွားရာ ဒေသများမှ စစ်သွေးကြွလက်နက်ကိုင်သောင်းကျန်းသူများသည် စစ်ရေးနှင့်မသက်ဆိုင်သော ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ အပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို Drone များအသုံးပြု၍ Drone bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖျက်ဆီးခြင်းစသည်တို့ကို လူမဆန်စွာပြုလုပ်လျက်ရှိကြောင်း တွေ့မြင်ကြားသိနေရပါသည်။

၂။ ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဘုရား၊ စေတီ၊ ပုထိုးများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဘုရားရှိခိုးကျောင်းများကို ဖျက်ဆီးခြင်းအားဖြင့် ဘာသာရေးအဓိကရုဏ်းများ၊ လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပေါ်စေရန်နှင့် ပြည်တွင်းရေး တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ အကြမ်းဖက်ဖျက်ဆီးမှုများ လုပ်ဆောင်နေသည့် စစ်သွေးကြွလက်နက်ကိုင်သောင်းကျန်းသူများအားလုံးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကို ပြုလုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်ကြေညာချက်

(၁/၂၀၂၄)

၁။ ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိကြောင်း မြင်တွေ့ကြားသိနေရပါသည်။

၂။ ထိုကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများ၊ ဆင်းတုတော်များအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ရိုင်းစိုင်းကြမ်းတမ်းစွာ ဖြိုချဖျက်ဆီးနေခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များကိုသာမက ကမ္ဘာပေါ်ရှိ အခြားဗုဒ္ဓဘာသာဝင်များကိုပါ စိတ်နှလုံးမချမ်းမြေ့အောင် စော်ကားနေခြင်းဖြစ်သဖြင့် အဆိုပါလုပ်ရပ်များ လုပ်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်

၁။ အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများ အပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကို ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ကြားသိနေရသည်။

၂။ ယခုကဲ့သို့ ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်နေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ကြေညာချက်

(၁၆.၁.၂၀၂၄)

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့မှ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုအပေါ် စော်ကားသည့် လုပ်ရပ်များအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများ အပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ ထိုသို့ တိုင်းရင်းသားပြည်သူများ အလေးအမြတ်ထားဆည်းကပ်ကိုးကွယ်နေကြသည့် ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားသည့် စေတီတစ်ဆူကို ဖြိုချဖျက်ဆီးခြင်းနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ယခုကဲ့သို့ ဗုဒ္ဓဘာသာကို ညှိုးနွမ်းအောင်ပြုလုပ်နေသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲအား ဇန်နဝါရီ ၉ ရက်မှ ၁၈ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံတို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး အဌမနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာအားကစားနည်းများ အလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။**



အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားကြရာ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့်တက္ကသိုလ် ကျောင်းသားကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးဘော်လီဘောပွဲစဉ်မှ အကောင်းဆုံးစပေးဘောဆုကို မနန်းချိုဇင်ထွေးစံ (ပုသိမ်ဇုန်အသင်း)၊ အကောင်းဆုံးဆယ်မဆုကို မအိမ့်မြတ်ဖြိုးကျော် (ဒဂုံဇုန်အသင်း)၊ အကောင်းဆုံး ပင့်ထောင်ဆုကို မလင်းလက်လှိုင်(မြစ်ကြီးနားဇုန်အသင်း)၊ အကောင်းဆုံးရိုက်ခုတ်ဆုကို မထွေးပို (မော်လမြိုင်ဇုန်အသင်း)၊ အကောင်းဆုံး ပိတ်ဆို့ဆုကို မနန်းထွေးအိလှိုင် (မော်လမြိုင်ဇုန်အသင်း)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသမီး ဘော်လီဘော အားကစားသမားဆုကို ကျောနံပါတ် ၅ မရှယ်လီဆာ (မြစ်ကြီးနားဇုန်အသင်း)က ရရှိကြပြီး အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပုသိမ်ဇုန်အသင်းက တတိယ၊မော်လမြိုင်ဇုန်အသင်းက ဒုတိယ၊ မြစ်ကြီးနားဇုန်အသင်းက ပထမဆုကိုလည်းကောင်း၊ အမျိုးသားဘော်လီဘောပွဲစဉ်မှ အကောင်းဆုံးစပေးဘောဆုကို မောင်မင်းသွေးခန့် (မော်လမြိုင်ဇုန်အသင်း)၊အကောင်းဆုံးဆယ်မဆုကို မောင်ပြည့်စုံ (မကွေးဇုန်အသင်း)၊အကောင်းဆုံးပင့်ထောင်ဆုကို မောင်လွင်အောင်ကို(ပုသိမ်ဇုန်အသင်း)၊ အကောင်းဆုံး ရိုက်ခုတ်ဆုကို မောင်သက်ထူးအောင်(မြစ်ကြီးနားဇုန်အသင်း)၊ အကောင်းဆုံး ပိတ်ဆို့ဆုကို တီတီလေး (မြစ်ကြီးနားဇုန်အသင်း)၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အမျိုးသား ဘော်လီဘော အားကစားသမားဆုကိုစောဟေပွဲစိုး(ပုသိမ်ဇုန်အသင်း) က ရရှိကြပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် မော်လမြိုင်ဇုန်အသင်းက တတိယ၊ မြစ်ကြီးနားဇုန်အသင်းက ဒုတိယ၊ ပုသိမ်ဇုန်အသင်းက ပထမဆုကိုလည်းကောင်း ရရှိသည်။

ဆုများကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဆန်းဝင်း၊ တက္ကသိုလ် ပါမောက္ခချုပ်များ၊ လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသမီး တံခွန်စိုက် ဆုဖလားရရှိသည့် မြစ်ကြီးနားဇုန်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆု ဖလားရရှိသည့် ပုသိမ်ဇုန်အသင်း**(အပေါ်ပုံ)** တို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲ ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၃)တွင် မော်လမြိုင်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်လမြိုင်ဇုန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ၍ ဗိုလ်လုပွဲ တက်ရောက်သွားပြီး ညနေပိုင်းတွင် ဒဂုံဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြစ်ကြီးနားဇုန်အသင်းက ဒဂုံဇုန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ၍ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ တတိယနေရာလုပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)နှင့် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

၁။ ဗုဒ္ဓဘာသာတရား၏အဆုံးအမများကြောင့် မြန်မာနိုင်ငံသည် သိမ်မွေ့သောယဉ်ကျေးမှု၊ တန်ဖိုးရှိသောရိုးရာဓလေ့ထုံးစံများဖြင့် ဘုရားတည်ကျောင်းဆောက်ကာ နှစ်ပေါင်းထောင်ချီ သာယာဖွံ့ဖြိုး ငြိမ်းချမ်းစည်ပင်ခဲ့ပါသည်။

၂။ ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် ဘုရားကျောင်းကန် စေတီပုထိုးအပါအဝင်ဘာသာရေး အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

၃။ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထွန်းကားရာ ဗုဒ္ဓဘာသာ စေတီပုထိုးများကို ဗုံးခွဲထုနှက် ချေဖျက်ခုတ်ထစ်ခဲ့ကြသော အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ပြတ်သားစွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

❖ *ကျောဖုံးမှ*

အပြင်ဘက်ပိုင်းမှာ မင်းကွတ်သီးအရောင်နှင့် တူပြီးအတွင်းသားမှာ အဝါရောင်ဖြစ်လာကာ ဒေသခံများက ရေနွေးနှင့် အနည်းငယ်ပြုတ်၍ အတွင်းသားကိုခြစ်ကာ ရေတ်သီးထောင်း၍ သော်လည်းကောင်း၊ သရေစာအဖြစ်သော် လည်းကောင်း တစ်နေ့လှန်းပြီး ကောက်ညှင်းပေါင်းများဖြင့် နယ်၍လည်းကောင်း စားကြပြီး အရသာမှာ ဆိမ့်ကာဆီထွက်သော အစားအစာတစ်မျိုးလည်းဖြစ်သည်။ တင်းကောသီးများကို ဆီထွက်သီးနှံအဖြစ် ဆီများညှစ်ထုတ်ယူမည်ဆိုပါက ဒီဇင်ဘာလကုန် ဇန်နဝါရီလဆန်းလောက်မှသာ ခူးဆွတ်ရခြင်းဖြစ်ပြီး ယင်းအချိန် ခူးဆွတ်သော တင်းကောသီးများမှသာ ဆီထွက်နှုန်းများခြင်းဖြစ်ကြောင်း သိရသည်။ တင်းကောသီးကို ဆီထုတ်ယူမည်ဆိုပါက ခူးဆွတ်ပြီးသော တင်းကောသီးအမှည့်များကို ရေနွေးနှင့် အချိန်တစ်နာရီခန့် ပွက်ပွက်ဆူဆူအောင် စတင်ပြုတ်ပြီး ပြုတ်ပြီးသားတင်းကောသီးများကို ကွဲထွက်လာသည်အထိ ထောင်းကာ ထောင်းပြီးသားတင်းကောသီးများကို အခွံနှင့်ကပ်လျက်ရှိသော အသားအစေ့များ သီးခြားဖြစ်လာစေရန် ဆန်ခါနှင့်ခါချပြီး အဝတ်စ သို့မဟုတ် စူပါအိတ် အပိုင်းအစများထဲသို့ ထည့်၍ အသင့်ဆင်ထားသော ဆီညှစ်မောင်းဆုံတွင် သစ်သားတုံးများဖြင့် ဖိညှစ်ကာ ဆီကို ညှစ်ထုတ်ယူရခြင်းဖြစ်သည်။ ဆီများ ညှစ်ထုတ်ယူရာတွင်လည်း တင်းကောသီးအခွံနှင့် ကပ်နေသော အသားများကို အပူဓာတ်မကုန်ဆုံးမီတွင် ညှစ်ယူမှသာ ဆီထွက်ရှိပြီး အေးသွားပါက ဆီများ မထွက်ရှိသောကြောင့် ပြုတ်ပြီးသား တင်းကောသီးကို တစ်ခါဆယ်ယူ တစ်ခါထောင်း တစ်ခါညှစ်ထုတ် ယူရခြင်းဖြစ်သည့်အတွက် ဆီရရှိရန်အကြိမ်ကြိမ် ပြုလုပ်ရခြင်း ဖြစ်သည်။ ညှစ်ထုတ်ယူပြီး သားတင်းကောဆီကို ဆီနှင့်ရေကွဲသွားစေရန် တစ်ညခန့်စစ်ထားရခြင်းဖြစ်ကာ ဆီများအေးခဲသွားသည့်အခါ ရေနှင့်သီးခြား ဖြစ်သွားသော တင်းကောဆီများကို ခပ်ထုတ်ယူပြီး ပြန်လည်ကျိုချက်ပြီးသည့်အခါမှသာ ကြက်ဥနှစ်အရောင် ဝါဝင်းသောတင်းကောဆီသန့်တွေကို ရရှိခြင်းဖြစ်သည်။ တင်းကောသီး ရစ်ပြည်ပါ တစ်ပုံးကို ဆီညှစ်ထုတ်လျှင် တင်းကောသီး အတွင်းသား အထူအပါး ပေါ်မူတည်ကာ တင်းကောဆီ နှစ်ပုလင်းမှ သုံးပုလင်းအထိ ပိဿာအားဖြင့် ခန့်မှန်းခြေ တစ်ပိဿာနီးပါးခန့် ထွက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် တင်းကောဆီ တစ်ပုလင်းကို ငွေကျပ် ၁၀၀၀၀ ထိ ရောင်းဝယ်ကြကြောင်းလည်း သိရသည်။ အဆိုပါ တင်းကောဆီ၏ အကျိုးပြုပုံကို ဒေသခံပြည်သူများ၏ ပြောပြချက်အရ သဘာဝသီးနှံမှ ထွက်ရှိသည့်ဆီဖြစ်သည့်အတွက် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သည့် ဆီဖြစ်ပြီး အထူးသဖြင့် ထမင်းပူပူတွင် တင်းကောဆီကို ဆမ်းပြီး ကလေးများကို ကျွေးပါက ကလေးများ ကျန်းမာဖြိုးလာကြောင်းလည်း သိရသည်။ ထို့ပြင် မီးလောင်ဒဏ်ရာများ အပူလောင်ဒဏ်ရာများရရှိပါက တင်းကောဆီကို သုတ်လိမ်းပေးခြင်းဖြင့် အပူလောင်ဒဏ်ရာများ လျင်မြန်စွာ ပျောက်ကင်းကြောင်းလည်း သိရသည်။

မချမ်းဘောမြို့နယ်တွင် တင်းကောပင်များကို ဒေသအစားအစာ တစ်ခုအဖြစ်လည်းကောင်း၊ ဆီထွက်သီးနှံအဖြစ်လည်းကောင်း အရွက်များကို အိမ်အမိုး၊ တဲအမိုးများအဖြစ်လည်းကောင်း အသုံးပြုရန် စိုက်ပျိုးကြကြောင်းလည်း သိရသည်။

**ယောရွှေနီ (မချမ်းဘော)**

◆*ကျောဖုံးမှ*

ဒဂုံစတား၊ မဟာယူနိုက်တက်၊ မြဝတီ၊ ရခိုင်ယူနိုက်တက်၊ ရှေဝတီယူနိုက်တက်၊ရတနာပုံအသင်းတို့အပြင် တန်းတက်အသင်းများဖြစ်သည့် သစ္စာအားမာန်အသင်းနှင့် Dagon Port အသင်းတို့လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၂၃ ရာသီ MNL-2 ပြိုင်ပွဲအပြီးတွင် ချန်ပီယံ သစ္စာအားမာန်အသင်းနှင့် ဒုတိယဆုရ တက္ကသိုလ်အသင်းတို့ တန်းတက်ခွင့်ရသော်လည်း တက္ကသိုလ်အသင်း တန်းတက်မကစားသဖြင့် တတိယရသည့် Dagon Port အသင်း အစားထိုးတန်းတက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် MNL အမှတ်ပေးပြိုင်ပွဲကို လာမည့်ရာသီမှစတင်ကာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့က သတ်မှတ်ထားသည့် ဘောလုံးပြက္ခဒိန်အတိုင်း ကျင်းပမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် စတင်ကာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။ လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ရန်ကုန်မြို့အပြင် တောင်ကြီးနှင့်ပုသိမ်မြို့တို့တွင်လည်း ကျင်းပမည်ဖြစ်ရာ ရှမ်းယူနိုက်တက်နှင့် ရှေဝတီအသင်းတို့ အိမ်ကွင်းလက်ခံကစားခွင့်ရမည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၃ ရာသီ MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဖြစ်ခဲ့ပြီး အမှတ်ပေးချန်ပီယံဆုကို စံချိန်တင် လေးရာသီဆက်၊ တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ဖြင့် နှစ်ရာသီဆက်တိုက်နှင့် သုံးကြိမ်မြောက်တို့ဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် ၁၄ ကြိမ်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းက ငါးကြိမ်စီ၊ ရတနာပုံအသင်းက လေးကြိမ်ဗိုလ်စွဲထားသည်။ MNL အမှတ်ပေးချန်ပီယံဆုကို အသင်းသုံးသင်းသာ ရရှိဖူးပြီး ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးခြောက်ရာသီတွင် ငါးကြိမ်အထိ ဗိုလ်စွဲထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို လူငယ်စကားဝိုင်းအခမ်းအနားသို့ တက်ရောက်

**ထားဝယ် ဇန်နဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ ထားဝယ်တက္ကသိုလ်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဘာသာရပ်အသီးသီးမှ ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ခဲ့ရာတွင် လူမှုရေးဦးတည်ချက်၏ တတိယအချက်ဖြစ်သည့် “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး” ဟူ၍ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်နှင့်အညီ လုပ်ငန်းစဉ်များကို ကဏ္ဍပေါင်းစုံကနေ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူငယ်များအချင်းချင်း တိုင်ပင်ဆွေးနွေးခြင်း၊ အမြင်ချင်းဖလှယ်ခြင်း



သည် အတွေးအမြင်များကို ပိုမိုကျယ်ပြန့်လာစေနိုင်ပြီး အောင်မြင်မှု ပန်းတိုင်ဆီ ချီတက်ရာတွင် လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း၊ ကာယဗလ(ကာယအား)၊ မိတ္တဗလ (မိတ်ဆွေအား)၊ ဘောဂဗလ (ပစ္စည်းဥစ္စာအား)၊ စာရိတ္တဗလ (ကိုယ်ကျင့်တရားအား) အင်အားများပါ ပြည့်စုံဖွံ့ဖြိုးလာပြီး အနာဂတ် နိုင်ငံတော်၏“ပိုမိုကောင်းမွန်သော မနက်ဖြန်များ”ကို ပုံဖော်ဖန်တီးနိုင်စွမ်းရှိသည့် လူငယ်များအဖြစ် တင့်တယ်စွာ နေရာယူနိုင်ကြရန် ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နုက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ထားဝယ်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ဖြစ်ကြသည့် မြန်မာစာကျောင်းသူ မဖူးပွင့်ရတနာဦး၊ အင်္ဂလိပ်စာကျောင်းသူ မရွှေရည်သန့်ဇင်၊ သတ္တဗေဒကျောင်းသူ မသင်းထက်စံ၊ အရှေ့တိုင်းပညာကျောင်းသား မောင်အောင်ဇင်ဖြိုး၊ ဓာတုဗေဒကျောင်းသား မောင်ဖြိုးသီဟကျော်တို့က လူငယ်ကဏ္ဍရေးရာများကို ဆွေးနွေးကြသည်။

ယင်းနောက်တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးပြောကြားသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးဆောင်သည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ဇေယျာသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိနေကြသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ယနေ့နံနက်ပိုင်းတွင် အောင်သပြေကျောင်းတိုက်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က နေပြည်တော်ကောင်စီအတွင်းရှိ တောင်ပေါ်ဒေသများသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ ကိုယ်တိုင်လိုက်ပါ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အဖွဲ့သည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးစသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နေပြည်တော် ရွှာမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများအနက် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာ နှစ်ရွာတို့သည် လျှပ်စစ်မီးကို ရာနှုန်းပြည့်ရရှိသည့် ကျေးရွာဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဥယျာဉ်ခြံလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးသင့်ပါကြောင်း ပြောကြားသည်။



ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ရွာသစ်ကုန်းကျေးရွာ အောင်ဇမ္ဗူကျောင်းတိုက်ဆရာတော်ထံ ဆန်၊ ဆီ၊ ဆေးဝါး၊ သင်္ကန်း၊ ခေါင်းအုံး၊ စောင်နှင့်ခြင်ထောင်၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျေးရွာနေ ပြည်သူလူထုများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ကုန်ပစ္စည်း၊ ဆေးဝါးများနှင့် စာရေးကိရိယာများ ပေးအပ်ခြင်း၊ ပြည်သူ့စစ်အဖွဲ့ဝင်များကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပေးအပ်သည်။

ထို့နောက် ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ရွာအဝင် ရွာအထွက်လမ်း ကွန်ကရစ်လမ်းခင်းပေးနိုင်ရေးနှင့် ဆက်သွယ်ရေးကောင်းမွန်ရေး တာဝါတိုင်များ တည်ဆောက်ပေးနိုင်ရေးတို့ကို တင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးတင်ပြကြပြီး ကျောက်ဖျာကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားကာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍(ဝဲပုံ) စားသောက်ဖွယ်ရာများ ပေးဝေပြီး နယူးဇမ္ဗူမြင့်မိုရ်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသည့် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေးပြည့်မီအောင် ဆောက်လုပ်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျော့ဖုံးမှ*

နှစ်သင်းကြား ခြေစွမ်းကွာဟမှု သိသိသာသာ မရှိသော်လည်း အဲဗာတန်အသင်းက နောက်ဆုံး ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပြီး ရှုံးပွဲသုံးပွဲနှင့် သရေနှစ်ပွဲ ကြုံတွေ့ထားသည်။

ပဲလေ့စ်အသင်းက နောက်ဆုံး ငါးပွဲမှာ သရေသုံးပွဲ၊ နိုင်ပွဲတစ်ပွဲနှင့် ရှုံးပွဲတစ်ပွဲသာကြုံတွေ့ထားသည်။ မည်သို့ပင်ဆိုစေ အဆုံးသတ်သေချာသည့်အသင်းသာ နောက်တစ်ဆင့် တက်လှမ်းသွားဖွယ်ရှိသည်။

ဇန်နဝါရီ ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် နော်တင်ဟမ်ဖောရက်စ်အနေဖြင့် လိဂ်ဝမ်းကလပ် ဘလက်ပူးလ်ကို ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့်သာ ကျေနပ်ခဲ့ရသည်။ အဆိုပါပွဲစဉ်တွင် ဘလက်ပူးလ်အသင်းသည် ဂိုးကန်သွင်းခွင့် စုစုပေါင်း သုံးကြိမ်သာရှိခဲ့ပြီး နှစ်ကြိမ်ဂိုးပေါက် တည့်မတ်မှုတွင် နှစ်ကြိမ်စလုံးဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ဘလက်ပူးလ်အသင်းသည် အသင်းစွမ်းဆောင်ရည်ပိုင်းတွင် နော်တင်ဟမ်အသင်းကို ယှဉ်နိုင်စွမ်းမရှိသော်လည်း ရရှိလာသည့်အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်း ရှိသည့်အတွက် နော်တင်ဟမ်ကို နိုင်ဖွယ်ရာရှိသည်။

**ခက်ခက်ခဲခဲ ယှဉ်ပြိုင်ဖွယ်ရှိ**

လိဂ်ဝမ်းကလပ် ဘရစ္စတိုးလ်ရိုဗာနှင့် ချန်ပီယံရှစ်ကလပ် နေ့ဝုစ်ချ်အသင်းတို့၏ ဇန်နဝါရီ ၆ ရက်က ယှဉ်ပြိုင်ကစားမှုတွင် နေ့ဝုစ်ချ်အသင်းက သာလွန်မှုရှိသည်။ သို့သော်လည်း ဘရစ္စတိုးလ်ရိုဗာအသင်း အိမ်ကွင်း၌ နေ့ဝုစ်ချ်အသင်း ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားရဖွယ်ရှိသည်။

**အောင်ဇော်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲ ပြုလုပ်သည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးငွေလင်းဦး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ခြောက်ဦးဖြင့် မီးဘေးကြိုတင် ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**



လွိုင်လင်မြို့၌ ကန့်ကွက်ရှုတ်ချပွဲ ကျင်းပစဉ်။



မြစ်ကြီးနားမြို့၌ ကန့်ကွက်ရှုတ်ချပွဲ ကျင်းပစဉ်။

## ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နှင့် လင်းခေးမြို့တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြသည်။ ဦးစွာကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ်ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေး ထောက်ခံသူများ (ဆန့်ကျင်ကြ)၊ အပြစ်မဲ့သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာကောက်ကျစ်မှုများ (အလိုမရှိ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား(ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)၊ လူမျိုးရေး ခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လွိုင်ကော်မြို့ရှိ သမိုင်းဝင် မြို့နာမ်ရွှေစေတီတော်ကို KNPP အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူပိုင် အဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိက အဆောက်အဦများ အပါအဝင် အခြားဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများအား Drop Bomb များပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

**လက်နက်ကြီးကျည်ထိမှန်ပျက်စီး**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ KNPP အကြမ်းဖက် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ လွိုင်ကော်မြို့ရှိ သမိုင်းဝင် မြို့နာမ် ရွှေစေတီတော်အား အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီး ကျည်များသည် စေတီတော်ပရိဝုဏ်အတွင်း ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် စေတီတော်၏ ကိုယ်လုံးတော်နှင့် အခြားသာသနိက အဆောက်အဦများတွင် လက်နက်ကြီးကျည် ထိမှန်ပျက်စီးမှုအချို့ ရှိခဲ့ကြောင်း သိရှိရသည်။

**ကြေညာချက်များထုတ်ပြန်**

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို မိုက်ရိုင်းစော်ကားစွာ ဖျက်ဆီးနေမှုများကို ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများက လုံးဝလက်မခံနိုင်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့တွင် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အဖွဲ့အစည်းအသီးသီးကလည်း ကန့်ကွက်ရှုတ်ချသည့် ကြေညာချက်များ ထုတ်ပြန်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်မြို့ မြို့နာမ်စေတီတော် ထိခိုက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

## မတ္တရာမြို့နယ်တွင် တပ်မတော်က ပစ်ခတ်သည့် လက်နက်ကြီးကျည်ကြောင့် ဒေသခံ နှစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အုန်းကုန်းကျေးရွာတွင် ဇန်နဝါရီ ၁၅ ရက်




ညနေပိုင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က ပစ်ခတ်သည့် လက်နက်ကြီးကျည်ကြောင့် ဒေသခံနှစ်ဦးသေဆုံးပြီး ကလေးငယ်များ အပါအဝင် ခြောက်ဦးဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းမှားကို လူမှုကွန်ရက်စာမျက်နှာတွင် အကြမ်းဖက်အားပေး မီဒီယာ DVB မှ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်အား သက်ဆိုင်ရာဒေသရှိ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ မေးမြန်းရာ ဇန်နဝါရီ ၁၅ ရက်တွင် မတ္တရာမြို့နယ် အုန်းကုန်းကျေးရွာဝန်းကျင်အနီး တပ်မတော်စစ်ကြောင်းများ နယ်မြေလုံခြုံရေး တာဝန်ဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အနီးဝန်းကျင် အုန်းကုန်းကျေးရွာသို့ ကျရောက်ပေါက်ကွဲမှုများ ရှိခဲ့ကြောင်းနှင့် ဒေသခံအပြစ်မဲ့ အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဤသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ပြည်သူများ အထင်အမြင်လွဲမှားအောင် ပြည်ဖျက်မီဒီယာများက သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U နှင့် Neta V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ အကြိုဂုဏ်ပြုဆောင်းပါး

# ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့

**ရတနာ(သုတေသီ)**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ"ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပမည်ဖြစ်ပါသည်။




သုတေသနညီလာခံများ အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာများတိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့်ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် ဤညီလာခံတွင် မြန်မာ့သုတေသီများ၏ ကျန်းမာရေးသုတေသနလုပ်ငန်းများမှ တွေ့ရှိချက်ရလဒ်များကို သုတေသနစာတမ်း၊ ပိုစတာများပုံစံဖြင့် တင်ပြသွားမည်ဖြစ်ပါသည်။

ညီလာခံကို စတင်ကျင်းပခဲ့သည်မှာ ၁၉၆၅ ခုနှစ်တွင်ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်အထိ အခြေခံသုတေသနစာတမ်းများသာ တင်သွင်းဖတ်ကြားခဲ့သော်လည်း ၁၉၉၁ ခုနှစ်တွင် သုတေသနပိုစတာများပြသခြင်းနှင့် ၁၉၉၃ ခုနှစ်တွင် လက်တွေ့အသုံးချ သုတေသနစာတမ်းများကိုပါ ထည့်သွင်းဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Symposium) များကို ထည့်သွင်းကျင်းပခဲ့ခြင်းနှင့် (၄၅)ကြိမ်မြောက်သုတေသနညီလာခံမှစ၍ ညီလာခံ၏ အဓိက သုတေသနဦးတည်ချက်ခေါင်းစဉ် (Theme)အား သတ်မှတ်၍ဆောင်ရွက်ခဲ့ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထား အသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုကိုပါ ချီးမြှင့်ခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် "(၄၉)ကြိမ်မြောက် သုတေသနညီလာခံ"ကို Virtual Congress အသွင်ဖြင့် လည်းကောင်း၊ "အကြိမ် (၅၀)မြောက် ရွှေရတုညီလာခံ"ကို Virtual နှင့် In-person ပူးတွဲလျက် Hybrid အသွင်ဖြင့်လည်းကောင်း ကျင်းပခဲ့ရပြီး ယမန်နှစ်မှစ၍ In-person ဖြင့် ပြန်လည်ကျင်းပခဲ့ပါသည်။

## ကျန်းမာရေးဆိုင်ရာသုတေသနများ အလေးထားကျင့်သုံး

ယခုနှစ်အတွက် ကျန်းမာရေးဆိုင်ရာ သုတေသနများဆောင်ရွက်ရာတွင် သုတေသီတို့အတွက် အရေးကြီးလှသော အလေးထားကျင့်သုံးရမည့် သုတေသနကျင့်ဝတ်များကို မီးမောင်းထိုးပြသနိုင်ရေးအတွက် "(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ" ၏ အဓိက သုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) ကို "ခိုင်မာပြီးသုတေသနကျင့်ဝတ်နှင့် ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့ - Enhancing Research Integrity and Research Ethics" ဟု သတ်မှတ်ထားရှိကာ ကျင်းပမည်ဖြစ်ပါသည်။

သုတေသနညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးသုတေသနဦးစီးဌာနသည် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိ၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီသည် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ နီးနွယ်တက္ကသိုလ်များရှိသုတေသီပညာရှင်များက စာတမ်းများ တောင်းခံခြင်းကို ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်းမှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ တင်သွင်းလာသော သုတေသနစာတမ်းများကို အခြေခံသုတေသနစာတမ်း (Basic Research)၊ အသုံးချသုတေသနစာတမ်း (Applied Research)၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း (Health Systems Research) များနှင့် ပိုစတာများဖြင့် အမျိုးအစားခွဲခြားလက်ခံခဲ့ပါသည်။

ယခုနှစ်တွင် အခြေခံသုတေသနစာတမ်း ၂၃ စောင်၊ အသုံးချသုတေသနစာတမ်း ၂၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၁၃ စောင်၊ သုတေသနပိုစတာ ၅၁ စောင် စုစုပေါင်းစာတမ်း ၁၀၉ စောင်ကို စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီကစိစစ်ပြီး ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန်လက်ခံထားရှိကြောင်း သိရှိရပါသည်။ တင်သွင်းမည့်စာတမ်းများတွင် ကိုဗစ်-၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့်ဦးနှောက်အမြှေးရောင်ရောဂါ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ရိုတာဗိုင်းရပ်စ်၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ဆေးဝါးဗေဒဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ ကိုယ်ဝန်စောင့်ရှောက်မှုဆိုင်ရာ၊ သူနာပြုများ၏ ဆေးရုံကျင့်ဝတ်ဆိုင်ရာ၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနများစသည်တို့ ပါဝင်ပါသည်။



## မြွေကိုက်ခံလူနာများအတွက် ဆေးဝါးသစ်များ ဖော်ထုတ်

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် တင်ပြမည့်စာတမ်းများ၊ ပိုစတာများအနက် အချို့ကို ကောက်နုတ်၍ တင်ပြလိုပါသည်။ မြွေကိုက်ရောဂါ သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ မြွေကိုက်ခံလူနာများတွင် မည်သည့်မြွေအမျိုးအစား အကိုက်ခံရသည်ကို မသိရှိရသည့်အခါ ယင်းလူနာများ၏ သွေးမှ မြွေပွေးနှင့် မြွေဟောက်မျိုးစိတ်များကို ခွဲခြားစစ်ဆေးနည်းသုတေသနမှ မြွေကိုက်ခံရသော လူနာများအတွက် ရောဂါကုသမှု လျင်မြန်ထိရောက်မှုရှိစေရန်အတွက်လည်းကောင်း၊ မြွေစိမ်းမြီးခြောက် မြွေဆိပ်ဖြေဆေး စမ်းသပ်ထုတ်လုပ်မှု သုတေသနကို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ မြွေစိမ်းမြီးခြောက် အကိုက်ခံရသော လူနာများအတွက် မြွေဆိပ်ဖြေဆေးတီထွင်ထုတ်လုပ်ရန် လိုအပ်သော သုတေသနဆောင်ရွက်မှု အချက်အလက်များ ထောက်ပံ့ပေးနိုင်ရန်အတွက်လည်းကောင်း၊ မြွေပွေးအဆိပ်အိတ်မှ အဆိပ်မျိုးရိုးဗီဇများကို လေ့လာခြင်းအားဖြင့် ပါဝင်သော မြွေဆိပ်ပမာဏနှင့် မြွေဆိပ်တွင်ပါဝင်သော ပရိုတင်း၊ အင်ဇိုင်းများ၏လုပ်ဆောင်မှု (Function)များ၊ ဇီဝကမ္မအပေါ် သက်ရောက်မှုများကို သိရှိရပြီး မြွေကိုက်ခံလူနာများအတွက် ဆေးဝါးသစ်များ ဖော်ထုတ်နိုင်ရန်အတွက်လည်းကောင်း အကျိုးပြုစေမည်ဖြစ်ပေသည်။

Community-based COVID-19 Study Group မှ တင်ပြမည့် စာတမ်းသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခဲ့စဉ် ကုသမှုခံယူခဲ့သည့်အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုအခြေအနေများနှင့် ကြုံတွေ့ရသည့်အခက်အခဲများကို ပြည်သူများသိရှိနိုင်ရန်နှင့် နောင်တွင် ဖြစ်ပွားလာနိုင်သည့် ကူးစက်ကပ်ရောဂါများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲလက္ခဏာများကို လေ့လာတင်ပြခြင်းဖြင့် အနာဂတ်တွင် ဖြစ်ပေါ်နိုင်သည့် ကူးစက်ကပ်ရောဂါများ ခံစားရသောသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်မည့်အစီအစဉ်များအား ချမှတ်ပေးနိုင်မည့် အကျိုးတရားများကို ရရှိစေပါမည်။

အားကစားကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့အားကစားသမားများတွင် ကျန်းမာရေးကို ထိခိုက်နိုင်သောအမူအကျင့်များကို သုတေသနပြုလေ့လာခဲ့သည့်အတွက် အားကစားသမားများအနေဖြင့် ယင်းအမူအကျင့်များကို ရှောင်ကြဉ်နိုင်ရန်အတွက် အထောက်အကူပြုစေမည်ဖြစ်ပါသည်။

မကူးစက်နိုင်သောရောဂါများအနက် ကင်ဆာရောဂါသည်များ၏ ဓာတ်ရောင်ခြည်ကုသမှုမခံယူမီ အာဟာရပြည့်ဝမှုအခြေအနေကို သုတေသနပြုဆောင်ရွက်ခြင်းဖြင့် ဖြစ်ပွားမှုများသည့် သွေးတိုး၊ ဆီးချို၊ ကင်ဆာရောဂါများနှင့် အဝလွန်ခြင်း စသည့်ရောဂါများကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်သည့်နည်းလမ်းများ ဖော်ထုတ်နိုင်မည်ဖြစ်သည့် အကျိုးကျေးဇူးကို ရရှိစေပါသည်။

သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးဗီဇများ ပြောင်းလဲမှုလေ့လာရာတွင် ရောဂါအမျိုးအစား၊ လူနာများ၏ ကိုယ်ခံစွမ်းအားတို့သည် ရောဂါပြင်းထန်မှုနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားမှုတို့အပေါ် အကျိုးသက်ရောက်ကြောင်း နှစ်အလိုက် ရောဂါအမျိုးအစားများ ပြောင်းလဲကြောင်း ဖော်ထုတ်နိုင်သည့်အတွက် သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်ပေသည်။

## ဦးနှောက်ရောင်ရောဂါနှင့် အမြှေးရောင်ရောဂါ အများဆုံး ဖြစ်ပွား

ရေယုန်ဗိုင်းရပ်စ်ရောဂါ၊ တီဘီပိုးနှင့် ကိုယ်ခံအားမှ ပြန်လည်တိုက်ခိုက်ခြင်းကြောင့် ဦးနှောက်ရောင်ရောဂါနှင့် ဦးနှောက်အမြှေးရောင်ရောဂါ အများဆုံးဖြစ်ပွားကြောင်း မော်လီကျူးနည်းပညာနှင့် ပုံမှန်ဓာတ်ခွဲဓာတ်မှန်စစ်ဆေးမှုအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စောစီးစွာသိရှိနိုင်ပြီး တိကျမှန်ကန်သော ကုသမှုများ ဆောင်ရွက်ပေးနိုင်မည့်အပြင် သေဆုံးမှုအား လျှော့ချသွားနိုင်မည်ဖြစ်ခြင်းစသည့် အသိပညာတိုးပွားစေသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

ညီလာခံရက်များအတွင်း သုတေသနပိုစတာများကို ခင်းကျင်းပြသထားမည်ဖြစ်ပြီး သုတေသနစာတမ်းဖတ်ပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အချိန်များခွဲ၍ ကျင်းပမည်ဖြစ်ပါသည်။ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက သဘာပတိများအဖြစ် အလှည့်ကျ ဆောင်ရွက်ကြမည်ဖြစ်သည်။

ယခုနှစ်သုတေသနညီလာခံတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA)၏ အမေရိကန်ဒေါ်လာ သုံးသန်း အထောက်အပံ့ဖြင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်) တွင်

*စာမျက်နှာ ၁၇ သို့*

# ဇာတိပုည ဂုဏ်မာနနှင့်

- ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်
လန်းလန်းစွင့်စွာ ရှိခဲ့ရာမှ
လွန်စွာဆိုးယုတ် ကုပ်သွေးစုပ်၍
မဟုတ်တရား လှည့်စားအကွက်
ပြုသည့်အတွက်ကြောင့်
သက်ခဲ့လေရ ကျွန်ဘဝ၌
အောက်ကျနှိမ့်နစ်ခဲ့ဖူးပြီ...။
- ယခုသော်ခါ၊ ကြုံခဲ့ရာမူ
ယုတ်မာရမ်းကား၊ ဗာလများက
ဘုရားကျောင်းကန်၊ ဖျက်ကြပြန်သော်
မြန်မာရပ်မြေ၊ ခိုမှီနေ၍
ရေကြည်သောက်လျက်၊ ကျေးဇူးဆက်ကို
ချေဖျက်ရမ်းကား၊ မိစ္ဆာများတည့်
ခါးသီးလွန်းစွာ၊ ကြုံရပါပြီ
ရင်နာ ခံခက်လွန်စွတည်း...။
- နိုင်ငံ့အရေး၊ ပေါက်နှင့်ကျေးသို့
ရှုပ်ထွေးခါခါ၊ ခက်ပွေဖြာမို့
သူငါမနေး၊ တိုက်ရေးကြွယ်ကြွယ် ပရိယာယ်ဖြင့်
ဘယ်ဝယ်ရန်သူ၊ နာလန်မထူအောင်
ယှဉ်စစ်ရေး၊ သွေးမအေးဖို့
ကြွေးကြော်လက်တွဲ၊ တိုက်ထုတ်နွဲစို့။
- ကြုံဆုံနေရ၊ ပစ္စက္ခကို
ဆုံးစမမြင်၊ မညှဉ်ချင်နှင့်
မှုသွင်ကွဲပြား၊ ကျူးသူများဟု
ပိုင်းခြားသိကာ၊ နိုးထပါလေ့
သူငါအစ၊ ပါဝင်ကြလေ့
မြန်မာ့ချုပ်ခြာ၊ ထိပါးလာ-ဟု
မှန်စွာလှုပ်နိုး၊ သိမြင်တိုး၍
အမျိုးဘာသာ၊ သာသနာနှင့်
ချုပ်ခြာတည်လျက်၊ ပဲ့မထွက်အောင်
တွဲလက်ခိုင်ကျည်၊ မိမြန်ပြည်တွက်
ကိုယ်စီတိုက်ပွဲ ဝင်ကြစို့...။

ဘိုမျိုး(ရွှေဘို)

*စာမျက်နှာ ၁၆ မှ*

လေးနှစ်ကြာ တည်ဆောက်ခဲ့သော အဆင့်မြင့်မော်လီကျူးသုတေသနစင်တာ (Advanced Molecular Research Centre) ဓာတ်ခွဲခန်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ယခု ၂၀၂၄ ခုနှစ်တွင် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အတွက် ဂုဏ်ပြုအမှတ်တရ အစီအစဉ်တစ်ခု ထည့်သွင်းထားရှိပါသည်။ ယင်းစင်တာကို ခေတ်မီနည်းပညာနှင့် ဓာတ်ခွဲခန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအသုံးပြု၍ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ တီဘီရောဂါစသည့် ကူးစက်ရောဂါများအတွက် သုတေသနများ ပိုမိုဆောင်ရွက်နိုင်စေရန်နှင့် မြန်မာပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာစေရန်တို့တွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

### ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့

ယခု ၂၀၂၄ ခုနှစ်မှ ဆယ်စုနှစ်တစ်ခုအား ပြန်ကြည့်လျှင် အောင်မြင်မှုအသီးအပွင့်များစွာ ရရှိဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ စင်တာ၏ သတင်းအချက်အလက်နည်းပညာပံ့ပိုးမှု (Information Technology Facility) ကို အသုံးပြု၍ ကွန်ပျူတာသင်တန်းများကိုလည်း ပို့ချပေးခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ တီဘီ၊ အသည်းရောင်အသားဝါ၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါများဆိုင်ရာ ကွင်းဆင်းလေ့လာမှုများနှင့် ဓာတ်ခွဲခန်းအခြေပြု သုတေသနလေ့လာမှုများကို ကိုရီးယားအဖွဲ့အစည်းများအပြင် အခြားသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

စင်တာရှိ အဆင့်မြင့်မော်လီကျူးနည်းပညာသုံးစက်ကိရိယာများကိုအသုံးပြု၍ မြန်မာနိုင်ငံတွင် တီဘီဗက်တီးရီးယားပိုးများ၏ မျိုးရိုးဗီဇလက္ခဏာများကို ဖော်ပြနိုင်ခဲ့ပါသည်။ ပုံမှန်စမ်းသပ်မှုဖြင့် မဖော်ထုတ်နိုင်သည့် ဆေးယဉ်ပါးတီဘီရောဂါများကိုလည်း ယခုအခါ ရှာဖွေတွေ့ရှိနိုင်ပြီဖြစ်သည်။

အသည်းရောင်အသားဝါဘီ ဗိုင်းရပ်စ်ပိုးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်တမ်းကောက်ယူမှုကို ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး အသည်းရောင်အသားဝါဘီ ဗိုင်းရပ်စ်မျိုးကွဲများ မြန်မာနိုင်ငံအတွင်း ပျံ့နှံ့မှုအခြေအနေကို အစီရင်ခံနိုင်ခဲ့ပါသည်။ ဆေးယဉ်ပါးငှက်ဖျားရောဂါ၏ မော်လီကျူးစောင့်ကြည့်ခြင်းနှင့် Ultrasensitive Realtime PCR ဖြင့် ရောဂါလက္ခဏာမပြသော ငှက်ဖျားရောဂါဖြစ်ပွားမှုများကို ထောက်လှမ်းခြင်းကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

အဆင့်မြင့်မော်လီကျူးသုတေသနစင်တာမှ သုတေသီပညာရှင်များ၏ သုတေသနစာတမ်းပေါင်း ၆၀ ကျော်ကို နိုင်ငံတကာနှင့် ပြည်တွင်းဂျာနယ်များတွင် ထုတ်ဝေနိုင်ခဲ့ပါသည်။ နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားပြီးအကျိုးရှိစေမည့် သုတေသနတွေ့ရှိချက်များ၊ ပိုမိုဆန်းသစ်လာသော ကူးစက်ရောဂါဆိုင်ရာ ရောဂါရှာဖွေရေးနည်းပညာများနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာရပ်များကို မြန်မာ-ကိုရီးယား ပူးတွဲစာတမ်းဖတ်ပွဲများနှင့် သုတေသနညီလာခံများတွင် တင်ပြခဲ့ကြပြီး ကုသရေးနှင့် ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို များစွာအထောက်အကူပြုခဲ့ပါသည်။

စံနှုန်းမီအဆင့်မြင့်မော်လီကျူးသုတေသနဌာနတစ်ခုဖြစ်ပေါ်လာစေရေးအတွက် ဓာတ်ခွဲခန်းနည်းပညာဆိုင်ရာစာအုပ်ငယ်များ၊ လမ်းညွှန်ချက်များ၊ ဓာတ်ခွဲခန်းစံနမူနာပြု ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ဌာနအတွင်းအသုံးပြုနိုင်ရန် ရေးသားပြင်ဆင်ခြင်း၊ လက်တွေ့လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာပြုလုပ်နိုင်ခဲ့ပြီး အဆင့်မြင့်ဓာတ်ခွဲခန်းနည်းပညာများကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြားဌာနများမှ ပညာရှင်များနှင့် နည်းပညာရှင်များအား မျှဝေပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ဆေးတက္ကသိုလ်နှင့် ဆေးနီးနွယ်တက္ကသိုလ်များ၏ ပါရဂူဘွဲ့နှင့် မာစတာသင်တန်းများအတွက် သင်ကြားရေးဓာတ်ခွဲခန်းတစ်ခုအဖြစ်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စင်တာရှိ အဆင့်မြင့်မော်လီကျူးနည်းပညာ ရောဂါရှာဖွေရေး အခြေခံအဆောက်အအုံနှင့် ပစ္စည်းများအသုံးပြု၍ ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၂ ခုနှစ် ဧပြီလအထိ COVID-19 RT-PCR ရောဂါရှာဖွေစမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ပြီး ခန့်မှန်းခြေ ဓာတ်ခွဲနမူနာတစ်သိန်းခန့်ကို စမ်းသပ်ပေးနိုင်ခဲ့ပါသည်။ စင်တာ၏ ဇီဝလုံခြုံမှု အဆင့်(၂)အထက်ရှိ ဓာတ်ခွဲခန်းကို အသုံးပြု၍ Gene Sequencing စက်များနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ မျိုးကွဲများ၏ Genome Sequencing ဆက်လက်လုပ်ဆောင်နေပါသည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ မျိုးဗီဇစိစစ်ခြင်း စမ်းသပ်မှုပေါင်း ၃၀၀ ကျော်ကို ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ မျိုးကွဲဆိုင်ရာ အချက်အလက်အမျိုးမျိုးကို ကျန်းမာရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြပြီး အများပြည်သူသိရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနက သတင်းမျှဝေပေးနိုင်ခဲ့ပါသည်။

ညီလာခံကျင်းပရာရက်များအတွင်း နိုင်ငံတကာနှင့် ပြည်တွင်းမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးကြမည့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါသည်။

ညီလာခံဖွင့်ပွဲရက်တွင် ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်သည့် ဆေးယဉ်ပါးတီဘီရောဂါအတွက် သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးမည့် “Myanmar-Korea Joint Symposium (2024)- Combating Drug-Resistant Tuberculosis” ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

ညီလာခံဒုတိယရက်တွင် ယနေ့ခေတ်အခါ ကမ္ဘာတစ်ဝန်းအဖြစ်များသော မကူးစက်တတ်သောရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါများအတွက် ဝါရင့်သမားတော်ကြီးများ၊ ဆေးပညာရှင်များက ပါဝင်ဆွေးနွေးမည့် “မကူးစက်တတ်သောရောဂါများအား ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများဆိုင်ရာဆွေးနွေးခြင်း - Non-Communicable Diseases: Prevention, Promoting Control and the Way Forward” ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်းနှင့် မကူးစက်နိုင်သောရောဂါတစ်ခုဖြစ်သည့် ကင်ဆာရောဂါနှင့်ပတ်သက်ပြီး ပြည်တွင်းပညာရှင်များသာမက ပြည်ပပညာရှင်များလည်း ပါဝင်ဆွေးနွေးမည်ဖြစ်ပါသည်။

ညီလာခံစတုတ္ထမြောက်ရက်တွင် “ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်/ ကျောင်းများ၏ အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ- Quality Assurance in Health Professional Education: Process, Partnerships and Readiness” ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင်လည်း ကျွမ်းကျင်ပညာရှင်များက ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်/ကျောင်းများတွင် အရည်အသွေးအာမခံမှုစနစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဆွေးနွေးသွားမည်ဖြစ်ပါသည်။

ညီလာခံနောက်ဆုံးရက်တွင် ယခုနှစ်ညီလာခံ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) ကိုပင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတစ်ခုအဖြစ် ထည့်သွင်းကျင်းပကာ ဝါရင့်သုတေသီ ကျင့်ဝတ်ဆိုင်ရာပညာရှင်များက ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဖွဲ့စည်းထားရှိပြီးသော သုတေသနကျင့်ဝတ်ကော်မတီများ ပိုမိုအားကောင်းခိုင်မာလာစေရန်အတွက် သုတေသနကျင့်ဝတ်ဆိုင်ရာနည်းပညာများကို ဆွေးနွေးတင်ပြ အတွေ့အကြုံဖလှယ်ကြမည်ဖြစ်ပါသည်။

### သုတေသနပညာရှင်များ၏ ဆောင်ရွက်မှုများကို အလေးထား

သုတေသနပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအလေးထားသည့်အနေဖြင့် စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီသည် တင်သွင်းလာသည့် စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများ၊ လူငယ်သုတေသီဆုများနှင့် ပိုစတာစာတမ်းဆုများကို စိစစ်ရွေးချယ်မည်ဖြစ်ကြောင်းနှင့် ဆုရရှိသူသုတေသီများအား ထိုက်ထိုက်တန်တန်ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

သုတေသနစာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက် ဂျာနယ်၏ အီးမေးလ် *(https://www.mhsrj-moh.dmr.gov.mm)* သို့ စာတမ်းများပေးပို့နိုင်မည်ဖြစ်ပါသည်။

၎င်းသုတေသနညီလာခံကြီးသို့ စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားများ၊ ကျန်းမာရေးဝန်ထမ်းများသည် ညီလာခံကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို နှစ်စဉ်ကျင်းပခြင်းဖြင့် တစ်နှစ်တာကာလအတွင်း အလုပ်တာဝန်အသီးသီးဖြင့် မအားလပ်ကြသော ပြည်တွင်းနှင့်နိုင်ငံတကာမှသုတေသီပညာရှင်များ၊ ဆေးပညာရှင်များ၊ သမားတော်များ၊ စီမံချက်မန်နေဂျာများသည် ညီလာခံကျင်းပရာကာလအတွင်း သတ်မှတ်အချိန်တစ်ခုတည်းတွင် လူကိုယ်တိုင်ဖြစ်စေ၊ Online ဖြင့်ဖြစ်စေ တက်ရောက်ကြခြင်း (Collaborative Networking) ဖြစ်၍ တစ်ဦးနှင့် တစ်ဦးခင်မင်ရင်းနှီးချစ်ကြည်စွာဖြင့် သုတေသနစာတမ်းများမှ တင်ပြချက်များ၊ နှီးနှောဖလှယ်ပွဲများမှ ပညာရပ်ဆိုင်ရာ တင်ပြချက်များကို မျှဝေဆွေးနွေးနိုင်သည့် အခွင့်အရေးကောင်းကို ရရှိကြပါသည်။

ယင်းမှ လာမည့်အနာဂတ်ကာလအတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်သည့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကဏ္ဍကို များစွာအထောက်အကူပြုမည်ဖြစ်သောလုပ်ငန်းများ၊ စီမံချက်များကို ညှိနှိုင်းအတည်ပြုချမှတ်နိုင်ကြမည်ဖြစ်သည့် ကောင်းမွန်သောအကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ် နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | တောင်ဒဂုံမြို့နယ် | ကောင်းမွန် | | | | | |
| | ၄ | သန်လျင်မြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | လှည်းကူးမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ရွှေပြည်သာမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | မတ္တရာမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | အောင်မြေသာစံမြို့နယ် | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ဟုမ္မလင်းမြို့ | ကောင်းမွန် | | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မြိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဗန်းမော်မြို့ | ကောင်းမွန် | | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | ကျောက်ဖြူမြို့ | ကောင်းမွန် | | | | | |
| | ၂ | သံတွဲမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | တာချီလိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | | | | | |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာကျန်းမာရေးကိုထိခိုက်စေနိုင် သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၃၈ လမ်း (၆၂) လမ်းထောင့်တွင် ဇင်မင်းထွန်း မောင်းနှင်လာသည့် TOYOTA HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ပလတ်စတစ် ဆပ်ပြာခွက် ၄၄၀၀ ဖြင့် ထည့်လျက် ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရသိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ရတနာပုံတက္ကသိုလ်တွင် ရှေးဦးပြုစုခြင်း(အခြေခံ)နှင့်(မွမ်းမံ)သင်တန်း ပို့ချ

**မန္တလေး ဇန်နဝါရီ ၁၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရတနာပုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း (၂/၂၀၂၄)နှင့် ရှေးဦးပြုစုခြင်း(မွမ်းမံ)သင်တန်း (၁/၂၀၂၄) တို့ကို ဇန်နဝါရီ ၁၅ ရက်က ဖွင့်လှစ်ပို့ချရာ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးမြင့်သိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက သင်တန်းအကြောင်းအရာများကို ဆက်လက်ပို့ချသည်။

အဆိုပါ သင်တန်းများတွင် ရှေးဦးပြုစုခြင်း အခြေခံသဘောတရား၊ ကြက်ခြေနီ လှုပ်ရှားမှုအကြောင်း၊ လူနာဆန်းစစ်ခြင်း၊ ဦးစားပေးလူနာရွေးချယ်ခြင်း၊ ပတ်တီးစည်းခြင်း စသည်တို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများကို ဇန်နဝါရီ ၁၅ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် ဘာသာရပ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်း)**







## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ် လမ်းမကြီးဘေးရှိ မြေတိုင်းအမှတ် (၈)၊ FMI City (ပဒေသာပင်မြို့တော်)၊ အိမ်အမှတ် (J-16) အထက်ပဒေသာပင်လမ်းမကြီး၊ မြေရိယာ အကျယ်အဝန်း စတုရန်းပေ ၄၈၀၀ ရှိအိမ်အမျိုးအစားနှင့် နှစ် ၆၀ ဂရန်မြေအမျိုးအစား၊ ရေ၊ မီးအပြည့်အစုံပါဝင်သော နှစ်ထပ်တိုက်အိမ်အပါအဝင် ဆက်နွှယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပြောင်းလဲခြင်းပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနန်းသန့်သန့်ငြိမ်း**
**၇/မလန(နိုင်)၀၀၀၀၃၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/55597, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ကိုကိုအောင် ၁၄/ပသန(နိုင်)၂၁၀၂၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)



## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ချိုးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုအေး

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၆ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


## ပတ်စ်ပို့ပျောက်

ဦးဇင်း ဦးဣန္ဒောဘာသ (ဘ) ဦးဘိုရွှေ ၉/ပမန(သ) ၀၀၁၄၇၈ ၏ ပတ်စ်ပို့စာအုပ် အမှတ်(MB 454877)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၆၆၄၈၈၂၀

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အမည်မှန်

မိတ္ထီလာမြို့နယ်၊ အထက ရေဝေကျောင်း Grade-4မှ ဦးကျော်သူရ - ဒေါ်ချိုချို အေးတို့၏သမီး အမည်မှန်မှာ မချိုတေးသံစဉ် အမှန်ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ခင်ဦးမြို့နယ်၊ သင်ပေါင်းရွာနေ ဦးခင်မောင်အေး၏ သမီး မဝေဝေမာ ၅/ခဥန(နိုင်) ၁၃၁၁၇၆၏ နိုင်ငံကူးလက်မှတ် ME-476869 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၅၁၆၄၆၄


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၀ | ၁၇၈၀၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၂၀၅၂၀ | ၅၉၂၇၄၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၉ | ၇၁၁၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၅၄၃ | ၂၃၉၁၆၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂ | ၅၀၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၁၆၈ | ၃၂၈၁၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၃ | ၁၀၈၁၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၃၈ | ၆၆၂၀၀ |

ညီညီ - စုစည်းသည်

## ဖခင်အမည်မှန်

စလင်းမြို့နယ်၊ မ/ဥသျှစ်ကုန်း-အထက(ခွဲ) Grade (4)မှ မောင်မျိုးဇင်အောင်နှင့် KGမှ မောင်ဖြိုးသူရအောင်တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမျိုးခိုင် ၈/စလန(နိုင်)၁၄၄၃၁၀ ဖြစ်ပါကြောင်း။

**ဦးမျိုးခိုင်**

## အမည်ပြောင်း

ဦးဝင်းဇော်-ဒေါ်ဖြူဖြူခိုင် တို့၏သား မြဝတီမြို့နယ်၊ အထက(ခွဲ)(၁) မြဝတီကျောင်း Grade-10မှ မောင်အာကာကျော်အား မောင်ဥက္ကာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဥက္ကာအောင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ မြန်မာစာ(အထူးပြု) ၂၀၂၃၊ ၄မ-၉၄ (၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော ဦးယားကုပ်၏သမီး မဒီဘောလာရှေ့(ခ)မဒီဘောရာရှေ့ ၁၃/ကတန(နိုင်)၁၉၅၇၁၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မဒီဘောလာရှေ့(ခ)မဒီဘောရာရှေ့**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ မြန်မာစာ(အထူးပြု) ၂၀၂၃၊ ၄မ-၉၄(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မဒီဘောလာရှေ့ (ခ)မဒီဘောရာရှေ့၏ ဖခင် ဦးယားကုပ်(ခ)ယာကုပ် ၁၃/ကတန(နိုင်)၁၀၉၈၆၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးယားကုပ်(ခ)ယာကုပ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/69919 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းထွန်း ၇/ကတခ(နိုင်)၁၁၇၈၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ ရုံးကြီးရပ်)၊ မြေကွက်အမှတ် (ဒ-၂၅၄၆)၊ မြေဧရိယာ(၀ဒသမ၂၂၉)ဧကရှိ ဦးခင်မောင်လှ(ဘ)ဦးလွန်းမောင် ၁၂/ဒဂန(နိုင်)၀၁၀၇၅၂ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးခင်မောင်လှမှ ဒေါ်ဂျာထုရာ (ဘ) ဦးဇော်ယော် ၁/မကန(နိုင်) ၁၁၅၅၄၈နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ခု နှစ်၊ မတ်လအထိ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနတွင် ပညာရေးဒီဂရီကောလိပ် (၂၅)ကျောင်း၏ ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ် (ဒုတိယနှစ်ဝက်)၊ တတိယနှစ်(ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်) (အလယ်တန်း)အတွက် ကျောင်းသားကိုင်ပုံနှိပ်စာအုပ်နှင့် တတိယနှစ် (ဒုတိယနှစ်ဝက်)(အလယ်တန်း) ဆရာလမ်းညွှန်စာအုပ်များကို သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များသို့ အရောက်ပို့စနစ်ဖြင့် ရိုက်နှိပ်မည် ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၁-၂၀၂၄ရက်နေ့တွင် ဆရာအတတ်ပညာဦးစီးဌာန၊ ဘဏ္ဍာဌာနခွဲတွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၅-၂-၂၀၂၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဘဏ္ဍာဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၃၀၉ နှင့် ၀၆၇-၃၄၀၇၂၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆရာအတတ်ပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၃-၂၀၂၄) ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် ဆေးဝါးများ Speciality ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးနှင့် ဓာတ်မှန်ခန်းသုံးပစ္စည်းများ၊ Oxygen/ Liquid Oxygen အပါအဝင် Consumable များ၊ Sonsumable for Speciality & IHC Reagent များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုလိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းအဆိုပြုလွှာ ရောင်းချမည့်ရက်** - ၁၆-၁-၂၀၂၄ ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၉-၇၅၆၂၀၄၅၉၇**

## လေလံကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ သီတာလမ်း၊ အကွက်အမှတ် (၁၈)၊ ဦးပိုင်အမှတ် ၂(ခ)၊ မြေအမျိုးအစား၊ မြို့မြေဧရိယာ ၀.၀၉၅၊ (၂၃-၆-၂၀၂၂)မှ (၂၂-၆-၂၀၅၂)ထိ နှစ် ၃၀ ဂရန်ရရှိထားသော မြေကွက်အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၁၇-၁-၂၀၂၄ ရက်မှ ၂၆-၁-၂၀၂၄ ရက်ထိ |
| ၂။ | **လေလံလျှောက်လွှာ ပိတ်မည့်ရက်** | - | ၂၆-၁-၂၀၂၄ ရက် ညနေ ၁၆:၀၀ နာရီ |
| ၃။ | **လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** | - | အမှတ်(၃)ရပ်ကွက်၊ သီတာလမ်း၊ သမဝါယမဦးစီးဌာန၊ နမ့်စန်မြို့ |
| ၄။ | **လေလံထုခွဲရောင်းချမည့်ရက်** | - | ၂၇-၁-၂၀၂၄ရက် နံနက် ၁၀:၀၀နာရီ |
| ၅။ | **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ဖုန်း-၀၉-၂၆၀၇၂၂၃၁၀၉-၇၇၃၇၂၆၆၈ |

**လေလံထုခွဲရောင်းချရေးအဖွဲ့**
**ရှမ်း(တောင်)၊ နမ့်စန်မြို့**

## မိခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ ရွှေဥဒေါင်းကျေးရွာ၊ အထက(ခွဲ) ဗိုလ်မင်းရောင်ကျောင်းG-11မှ မနေခြည်ဦး၏မိခင်အမည်မှန်မှာ ဒေါ်မာမာဝင်း ၉/တကန(နိုင်)၂၃၇၇၈၈ ဖြစ်ပါကြောင်း။ **ဒေါ်မာမာဝင်း**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 18U/3882, DAYANG 300, သုံးဘီး အမည်ပေါက်သူ ဦးမင်းနိုင် ၁၄/မမက(နိုင်)၂၀၈၇၃၁က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/25267, HENBO, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဦးမြင့် ၉/မနမ(နိုင်)၀၅၄၅၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သထုံ)**

## အလိမ္မာ စာမှာရှိ

## မြန်မာဗက်တာ ပညာရေးဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်
## (MYANMAR VECTOR EDUCATION SERVICES COMPANY LIMITED)
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်နေ့ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှယ်ယာရှင်၊ ဒါရိုက် တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊ ဒေါ်ခင်သန်းဦးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်တို့ကို ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

မြန်မာဗက်တာပညာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ကုမ္ပဏီလီမိတက် (MYANMAR VECTOR EDUCATION SERVICES CO.,LTD.)၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ခင်သန်းဦးထံသို့ ၁၆-၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသော ကြွေးမြီများအား သတ်မှတ်ပုံစံဖြင့် ခိုင်လုံသောသက်သေခံအထောက်အထားများနှင့် အတူ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ခင်သန်းဦး** | **ဦးသန့်ပြည့်ထွန်း** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **မန်နေဂျင်းဒါရိုက်တာ** |
| **(၅/ဘီ)၊ နှင်းဆီကွန်ဒို၊** | **မြန်မာဗက်တာပညာရေးဝန်ဆောင်မှု** |
| **အမှတ် (၁၈၂/၁၉၄)၊** | **လုပ်ငန်း၊ ဗိုလ်တထောင်ဘုရားလမ်း၊** |
| **ပုဇွန်တောင်မြို့နယ်၊** | **ကုမ္ပဏီလီမိတက်** |
| **ရန်ကုန်မြို့၊** | **(MYANMAR VECTOR EDUCATION** |
| **ဖုန်း-၀၉-၂၅၀၅၀၇၁၀၁** | **SERVICES CO.,LTD.)** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ် မြို့တော်၊ စွယ်တော်စီးတီးရိပ်သာ (၁)၊ မြေကွက်အမှတ် (၂၀၁မှ ၂၆၅ထိ)၊ တိုက်အမှတ် (A)၊ RC (၈)ထပ်တိုက် (Lift ပါ) ၂လွှာ အခန်း၊ အခန်းအမှတ် (၂၀၂)၊ (ဧရိယာ -၁၂၆၀ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော Grand Style Co.,Ltd. (ကိုယ်စား) ဒါရိုက်တာ ဦးမြတ်သူ(၁၂/ဒဂန(နိုင်)၀၁၅၈၉၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မြတ်ဆုပိုင် (၁၂/စခန(နိုင်)၀၆၁၅၆၂)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြတ်ဆုပိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**အမှတ် (၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ အလင်းရောင် (၃) လမ်း၊ မြေကွက်အမှတ်-၅၃၀၊ ဦးလှမြင့်၊ ဦးလှတိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်၊ အကျယ်အဝန်း (၂၅' x ၅၀')အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) အကျယ်အဝန်း (၁၂ ½' x ၅၀')ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကြသူများ (၁) ဒေါ်ယဉ်ယဉ်မြင့် (၁၄/လပတ(နိုင်)၁၁၅၆၁၂) (၂) ဒေါ်တင်တင်ခိုင် (၁၄/ပသန(နိုင်)၀၁၇၀၂၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B.,D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၀၂)**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော
## မြေအမည်ပြောင်းလျှောက်ထား ကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ အကွက်အမှတ်(၆-က)၊ လမ်းမကျယ်၊ ဦးပိုင်အမှတ်(၂၀၉)၊ ဧရိယာ (၀ဒသမ၂၂၃)ဧက၊ ဦးပိုင်အမှတ်(၂၁၀)၊ ဧရိယာ (၀ဒသမ၁၁၈)ဧကနှင့် ဦးပိုင်အမှတ်(၂၁၁)၊ ဧရိယာ(၀ဒသမ၁၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်(၂၀၈) |
| (ခ) | အနောက်လားသော် | - | ဦးပိုင်(၂၁၂) |
| (ဂ) | တောင်လားသော် | - | ဦးပိုင်(၂၄၃-စ+၂၄၄+၂၄၅-က) |
| (ဃ) | မြောက်လားသော် | - | (၇)လမ်း |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်စန်းမြင့်ပါ(၄)မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## လျှောက်လွှာခေါ်ယူခြင်း
## နေပြည်တော်

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာ များတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃) နေရာ | တက္ကသိုလ်/ကောလိပ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဂ) (၃၁-၁-၂၀၂၄) ရက်နေ့တွင် အသက်(၃၅)နှစ် ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်၊
(ဃ) လျှောက်ထားသူများသည် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်၊
(င) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း ခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်၊
(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါရှိရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊
(ခ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ် မိတ္တူ၊
(င) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာမိတ္တူ၊
(စ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက်မူရင်း၊
(ဈ) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)၊
(ည) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာမူရင်း၊
(ဋ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမူရင်း၊
(ဌ) ရေးဖြေလာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်၊ ဘွဲ့လက်မှတ်(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြားမူရင်းတို့ကို တစ်ပါတည်းတင်ပြရမည်။

၄။ လျှောက်လွှာများကို (၅-၂-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လျှောက်ထားရမည်။

၅။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ပါဝင်သည့် ရေးဖြေ စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်မှုကိုပါ စစ်ဆေးမည်ဖြစ် ပါသည်။

၆။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၈။ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်(စီမံဌာန)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၁၂၁၂၃၊ ၀၆၇၃-၄၁၂၀၂၈ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော
## မြေအမည်ပြောင်းလျှောက်ထား ကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၅)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ပန်းဘဲတန်း၊ ဦးပိုင်အမှတ်(၁၄၉-ခ)၊ ဧရိယာ(၀ဒသမ၀၇၂)ဧက၊ဦးပိုင်အမှတ်(၁၅၀-ဃ)၊ ဧရိယာ (၀ဒသမ၁၅၇)ဧကနှင့် ဦးပိုင်အမှတ်(၁၅၂-ခ)၊ ဧရိယာ(၀ဒသမ၀၃၈)ဧကရှိအောက် ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်(၁၄၉-က) |
| (ခ) | အနောက်လားသော် | - | ဦးပိုင်(၁၅၀-င+၁၅၀-ခ+၁၅၂-က) |
| (ဂ) | တောင်လားသော် | - | ဦးပိုင်(၁၅၆-စ+၁၅၆-ဆ+၁၅၆-ဃ) |
| (ဃ) | မြောက်လားသော် | - | ဦးပန်းဖြူလမ်း |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန်ဒေါ်မူမူမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄/မြေကွက်အမှတ် ၃၁E နှင့် ၃၁ F/၃၊ မြေရေိယာ ဝ ဒသမ ၁၂၉ ဧက၊ မြေကွက်တည်နေရာအမှတ် အမှတ်(၁၉)၊ ပန်တျာလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်မြေအမျိုးအစား-ဂရန်ရှိ မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်တင်တင်မြ ၁၂/မရက(နိုင်)ဝ၆၈၉၈၅ မြေကွက်အား အမည်ပေါက် ဒေါ်တင်တင်မြသည် ၆-၃- ၂၀၂၂ ရက်နှင့် ခင်ပွန်း ဦးကျင်သိန်းမှာ ၆-၁၂-၂၀၁၁ ရက်တို့တွင်အသီးသီးကွယ်လွန်၍၊ (၁)ဒေါ်သက်နီသိန်း ၁၂/မရက (နိုင်)၁၀၈၄၆၅၊ (၂)ဦးရန်လင်းသိန်း ၁၂/အစန(နိုင်)၁၈၀၉၂၇ တို့မှ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှ ဦးကျင်သိန်း၏ သေဆုံးမှုလက်မှတ် (ပထမမိတ္တူမှန်)မှာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ထုတ်ပေးထားသည်မှာ မှန်ကန်ကြောင်း ၂၂-၁၂-၂၀၂၃ ရက်စွဲပါ ဌာနဝင်စာအမှတ်-၄၉၇၇/ ၂၇-၁၂-၂၀၂၃ ဖြင့် တင်ပြစာ၊ သားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊နိုင်ငံသား စိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေး ကြေညာခြင်း

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ဦးပိုင် အမှတ်(၁၃၄) မြေ ဧရိယာ ဝ ဒသမ ဝ၃၃ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၏ မှတ်ပုံတင်(၁-က) စာရင်းတွင် ဒေါ်ကင်ကီး(ခ)ကင်တီ အမည်ပေါက်ပါသည်။ ဒေါ်ကင်ကီး(ခ) ဒေါ်ကင်တီနှင့် ခင်ပွန်းဖြစ်သူတို့ ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူ သား/သမီး(၈) ဦးတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ်(၂၄၈/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကာ ဦးမင်းသန်းထံသို့ ပိုင်ဆိုင်မှု အစုစွန့်လွှတ်ပေးခြင်းစာချုပ် မှတ်ပုံတင်အမှတ်(၂၈၁/၂၀၂၃)အရ စွန့်လွှတ်ပေးခဲ့ပြီးနောက် ဒေါ်သက်သက်နွယ်နှင့် ဒေါ်သင်းသင်းနွယ်ထံသို့ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်(၃၉၂/၂၀၂၃)အရ ပြန်လည်ရောင်းချခဲ့ပါသဖြင့် ဒေါ်သက်သက်နွယ်နှင့် ဒေါ်သင်းသင်းနွယ်တို့က မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၁၁၁/ ဘိုးဘ/၂၀၂၃-၂၀၂၄ အရ ဒေါ်ကင်ကီး(ခ)ကင်တီ၏အမည်မှ ဒေါ်သက်သက်နွယ်နှင့် ဒေါ်သင်းသင်းနွယ်၏ အမည်သို့အမည်ပြောင်းလဲခွင့် လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်းခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## Ko Yell Face book Account Name, Page နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောရဲသူရခိုင် ၁၂/မဂဒ(နိုင်)၁၆၇၂၇၂ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးစောရဲသူရခိုင် အသုံးပြုလျက်ရှိသော Facebook Account Name, Page ဖြစ်သည့် Ko Yell Account ကို တစ်စုံတစ်ဦးက ပုံများခိုးယူထားပြီး သုံးစွဲနေပါသောကြောင့် အဆိုပါအကောင့်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ပြဿနာအရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေ ဦးစောရဲသူရခိုင်နှင့် လုံးဝ (လုံးဝ) မသက်ဆိုင်ကြောင်း Ko Yell အကောင့်နှင့်ပတ်သက်၍ ဓာတ်ပုံများယူပြီး လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဦးစောရဲသူရခိုင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားခြင်း၊ မမှန်မကန်သတင်းဖြန့်ဝေခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်သူ (Comment)များရေး၍ အားပေးအားမြှောက်ပြုသူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစောရဲသူရခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် (LL.B,DIL) အထက်တန်းရှေ့နေ (စဉ်-၄၂၁၁၂)**
**ဖုန်း-၀၉-၄၅၁၆၆၁၆၆၂**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်နိုင်ဦး (ဘ)ဦးမြအောင် ၁၁/မဥန(နိုင်) ၀၅၉၂၁၆၏ ပတ်စ်ပို့စာအုပ်အမှတ်-A315380 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၇၅၉၁၄၄**

## အမည်ပြောင်း

နေပြည်တော်၊ သပြေကုန်း၊ KIEC ကိုယ်ပိုင်ကျောင်း Grade-1 မှ (ဘ) ဦးဇင်ပိုင်စိုး ၁၄/ငပတ(နိုင်) ၁၇၃၆၁၁၏သား မောင်ပိုင်ထူးမြတ်အား မောင်ပိုင်ပြည့်စုံဟု အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈)၊ ဦးပိုင်အမှတ် (၆၈)၊ ဧရိယာ ဝ ဒသမ ဝ၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တသ-ကျင်ရုံအမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ တသ-ကျင်ရုံထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ကျော်မြင့် (ဘ)ဦးလှူကြည်ဖွေ့က အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း တသ-ကျင်ရုံနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B ( Advocate )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅)**
**၃၈ လမ်းနှင့် ၆၉ လမ်းထောင့် မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၂၅၉၆၅၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/မစိုးရိမ်တောင်၊ ဦးပိုင်အမှတ်(၃၄ᵛ)၊ ဧရိယာ ဝ ဒသမ ၁၃၇ ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်သန်းညွန့်၊ ၉/ပမန(နိုင်)၀၁၀၄၃၃(ပါ)၅-ဦးတို့မှ ပျဉ်းမနားမြို့နယ် မြေစာရင်းဦးစီးဌာန၏ ရုံးအမိန့်အမှတ်(၀၀၅/၁၉၉၉-၂၀၀၀)၊ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်(၅၃/၁၉၉၉)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ခင်ခင်နွဲ့ ၉/ပမန(နိုင်)၀၀၅၀၉၉(ပါ)၃-ဦး (ဒေါ်ခင်ခင်နွဲ့၊ ဒေါ်ဇင်မာဦး၊ ဦးဝင်းလှိုင်)တို့နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပိတောက်ရိပ်မွန်၊ ရွှေပိတောက်လမ်း၊ အမှတ်(၈)နေ ဒေါ်ဖြူဖြူကျော် ၉/မမန(နိုင်) ၀၈၂၀၁၁ မှ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆) လမ်းသာယာလမ်း၊ အမှတ်(၃၈)နေ ဦးအောင်သန်းနိုင် ၉/မမန(နိုင်)၀၂၉၇၈၄ သို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၇-၂-၂၀၁၂ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၃၈/၂၀၁၂)ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ကျွန်မ ဒေါ်ဖြူဖြူကျော်မှ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ပေးသူ-**
**ဒေါ်ဖြူဖြူကျော်**
**ဖုန်း-၀၉-၅၀၅၉၂၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကစ္စနားကူးမား ၇/ဖမန(နိုင်) ၁၀၁၆၆၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ စိန်ပန်း/စက်မှုလမ်းသွယ်(၂)၊ အမှတ် (C/၁၁)၊ မြေကွက်အမှတ်(၁၁၁)ရှိ မြေအကျယ် (၆၀ x ၆၀)ပေရှိ ဦးခင်မောင်ဦး မြေချပါမစ်အမည်ပေါက် မြေကွက်အနက်မှ ခြေရင်းခြမ်း (၄၀x၆၀)ပေအား လက်ဝယ်ပိုင်ဆိုင်သူ ဦးမြသူ ၁၂/ရပသ(နိုင်) ၀၇၇၁၉၅ ထံမှ ဝယ်ယူရန် စရန်ငွေ အချို့အဝက်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ထံသို့ဖြစ်စေ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသီလာလမ်း၊(၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၀၇၈၀၉၀၁၊ ၀၉-၇၈၆၅၄၅၀၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုအရာခံဗိုလ် သောင်းကျော် (ကိုယ်ပိုင်အမှတ် ၀လ-၁၇၁၆၆) ၁/မကန(နိုင်)၀၅၁၂၁၀ (ဘ) ဦးပါ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B)-၂၃၁၁ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီး ဒေါ်စန်းစန်းထွေး ၁၂/လမန(နိုင်)၀၆၇၉၅၉ (ဘ)ဦးကျော်သန်းမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုအရာခံဗိုလ် သောင်းကျော်သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုအရာခံဗိုလ် အောင်ကျော်ဦး (ကိုယ်ပိုင်အမှတ်လေ-၁၆၉၆၉) ၁၂/မဂဒ(နိုင်)၀၁၇၁၂၁ (ဘ)ဦးတင်ဦး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B)-၇၂ ကို အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီး ဒေါ်သန်းသန်းနွယ် ၉/မထလ(နိုင်)၀၀၁၀၃၃ (ဘ)ဦးသန်းဖေမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုအရာခံ ဗိုလ်အောင်ကျော်ဦး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ RC ဆိုင်ခန်းအမှတ်(တ-၂၈) ဒေါ်မေခင် ၁၂/သဃက(နိုင်)၀၂၅၁၁၆ အမည်ဖြင့် ထုတ်ပေးထားသော "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"မှာ ပျောက်ဆုံးသွားပါသဖြင့်"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"(မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန် "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း). ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်မေခင် အမည်ဖြင့် ထုတ်ပေးထားသော "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း)အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ "ဈေးဆိုင်ခန်းအငှားချထား ခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၆၁၈)၊ ဧရိယာ ဝ ဒသမ ၀၅၅ ဧကရှိ ဦးနေလင်း အမည်ပေါက် ပါမစ် မြေကွက်အား ဦးစိုးမိုးအောင်မြင် ၁/မကန(နိုင်) ၀၁၂၄၆၇ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကြည်အေး ၉/ပမန(နိုင်)၁၀၆၁၁၉ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၂)၊ ဒေါနလမ်း၊ မြေကွက်အမှတ်(၁၅၆)၊ ပေ(၆၀' x ၆၀')အကျယ်အဝန်းရှိ ဒေါ်နန်းကျင် အမည်ပေါက် ဦးကြည်အေး ပိုင်ဆိုင်သော အိမ်ဝိုင်းခြံမြေအား မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ အမွေစားအမွေခံပေးအပ်ခြင်း၊ လွှဲပြောင်းထားခြင်းများ မရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်အေး မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးခင်မောင်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၁၁/၂၀၂၃)**
**ကျည်တောင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၇၇၆၈၄၄၇၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၄၄၀)၊ ဧရိယာ ဝ ဒသမ ဝ၈၂ ဧကရှိ ဦးကြည်လှိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးကိုကြီး (ဘ)ဦးဘိုကေ ၉/ပမန(နိုင်)၁၀၉၄၀၁ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အ-လ-က၊ တမာတကေကျောင်းမှ ဒု-မှူပြ ဒေါ်တင်မာခိုင် ၇/ဝမန(နိုင်)၁၃၁၈၇၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၁၉၈၆၊ ဖခင်အမည်မှန်မှာ ဦးဖိုးချို(ခ) ဦးမောင်ချို ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၂-၁၀-၂၀၂၃ ရက်ပါ မြန်မာ့အလင်းသတင်းစာတွင် အမည်ပေါက် ဦးကျော်ဝင်းခိုင် အမည်ပါ မြေကွက် အမှတ် (ပ-၅၇၇ အေ) အစား (ပ-၅၅၇ အေ)ဟု ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/13311 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်စိုး ၅/တဆန(နိုင်)၁၄၅၄၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/87792 Wangiang 125, M/C ယာဉ်လက်ဝယ် ရှိသူ ဦးစိုးမိုးကျော် ၉/ခမစ(နိုင်) ၀၃၉၀၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ (ရပ်-၁၅)၊ ဖအောင်းရွာမရပ်၊ ဦးပိုင်အမှတ်(၂၁စ)၊ မြေကွက်အမှတ် (၁၁၀/၂၀၂၊ ၁၁၁/၂၀၃)၊ မြေဧရိယာ ဝ ဒသမ ဝ၆၃၄ဧကရှိ မြေကို ဒေါ်ခင်သန်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## အများသိစေရန် ကြေညာခြင်း

ညောင်လေးပင်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၀၀)၊ ညောင်လေးပင်အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၁/၃၇)၊ မြေကွက်အမှတ် (၁၃ᴬ) ၊ ဧရိယာ ဝ ဒသမ ဝ၂၅ဧကအား ညောင်လေးပင်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စုနေ ဦးအောင်ကျော်စိုးပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန် အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## အများသိစေရန် ကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၂) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်ရပ်(၁၀)၊ ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၂၂)၊ မြေကွက်အမှတ်(၁၄၁)၊ ဧရိယာ ဝ ဒသမ ၁၀၇၁ ဧကအနက်မှ ဧရိယာ ဝ ဒသမ ဝ၉၂၅ဧကအား ညောင်လေးပင်မြို့၊ မြို့မ(၂) ရပ်ကွက်နေ ဒေါ်မြင့်သိန်းအမည်ဖြင့် မြေငှားဂရန် အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## အမည်ပြောင်း

ဦးချစ်လှိုင်၏သား၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက-ခွဲ(၃)၊ မြဝတီ Grade-11မှ မောင်ဂမ္ဘီရ အား မောင်ရှိုင်းထက်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရှိုင်းထက်ဦး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးလှမင်း ၁၂/တမန(နိုင်)၀၃၆၂၇၁ (ဘ)ဦးဘသောင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၉၇၅)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၄၃၀/၂၀၂၃(၂၄-၇-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းတင် ၁၃/ကတန(နိုင်)၁၅၆၄၅၃ (ဘ)ဦးစန်းအောင်မှ ဒေါ်ယဉ်ယဉ်နွယ် ၅/အရတ(နိုင်)၀၉၇၈၂၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့နယ်နေ ဦးဆံစိုင်း(ဘ)ဦးလုံးစိုင်း ၁၃/ပလတ(နိုင်)၀၀၉၃၀၁၏ အမည် ဦးစိုင်းစောလိန်(ခ)ဦးဆံစိုင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့နယ်နေ ဦးကုမ္မာ(ဘ)ဦးအိန္ဒ ၁၃/လလန(နိုင်) ၀၂၇၆၇၇၏ အမည် ဦးခွန်ကုမ္မာခုတ်(ခ)ဦးကုမ္မာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့နယ်နေ ဦးထွက်ဆန်(ဘ)ဦးထွက်ချုံ ၁၃/လလန(နိုင်) ၀၂၄၄၄၉၏ အမည် ဦးတဆန်း(ခ)ဦးထွက်ဆန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇သယ/၂၇၃၅ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းလားလား ၃/ဘအန(နိုင်)၄၆၁၂၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးအောင်ထင်ကျော် ၁၂/ပဇတ(နိုင်)၀၁၀၃၃၃ (ဘ)ဦးအောင်ခင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၄၅၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၄၄/၂၀၂၃(၁၂-၉-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိအိဝင်း ၇/ဒဥန(နိုင်)၁၆၈၉၉၇ (ဘ) ဦးသိန်းရွှေမှ ဒေါ်ခင်သန္တာထွန်း ၅/ကဘလ(နိုင်)၁၀၇၉၄၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲ မှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀-သုဝဏ္ဏ(လူသုံးကုန်)၊ မြေကွက်အမှတ်(၁၀၁)၊ အကျယ်အဝန်း ဧရိယာ(၀.၁၂၃)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်သည် ဒေါ်စန်းစန်းနွယ် (၁၂/စခန(နိုင်)၀၁၄၇၅၈) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၁)၊ စိန်ပန်းပြာလမ်း၊ (၃၀)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက် ရောင်းချခဲ့သောကြောင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးတင့်လွင် (၁၂/ဗဟန(နိုင်)၀၇၉၆၄၆) မှ မိမိကသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟေမာန်ဦး(၁၄/ညတန(နိုင်)၁၀၄၁၂၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**
**အမှတ် ၂၄၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉- ၄၅၀၀၉၉၀၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6266 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းလတ် ၁၀/မလမ(နိုင်)၁၄၅၀၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ ၆/အနောက်ရပ်ကွက် ၊ စဗ္ဗူသီရိ (၆)လမ်း၊ တိုက်အမှတ် (၃၇၇/က)၊ အခန်း (ဒုတိယထပ်) (၃လွှာ) အကျယ်အဝန်း (၁၈ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးကိုကိုအောင် (၆/ထဝန (နိုင်)၀၉၈၆၄၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မျိုးမြင့် (၁၄/ကပန (နိုင်)၁၂၃၇၈၂)က ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

အမှတ်(၇၂၅)၊ ပြည်သာယာ( ၂ )လမ်း၊ ( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊မြေကွက်အမှတ်(၅၀၁)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဒေါ်သင်းသင်းအေး (၁၂/စခန(နိုင်)၀၃၇၂၉၉) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၀၁)၊ (၁၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် မြေကွက်အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်သန္တာမြင့်သူ (၁၂/ဒဂတ(နိုင်)၀၅၉၆၅၄) မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**
**အမှတ် ၂၄၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉- ၄၅၀၀၉၉၀၆၉**

# "(၉-၁-၂၀၂၄)ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဦးကိုကိုမောင် ၁၂/ရကန(နိုင်) ၀၂၈၅၄၇၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လတ်လတ်စိုး၏ ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်းအပေါ် တုံ့ပြန်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၇၇၄)နေ ဒေါ်တင်မိ ၁၂/ရကန(နိုင်)၀၂၉၃၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ (၃-၁-၂၀၂၄)ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာပါ ဦးကိုကိုမောင် ၁၂/ရကန(နိုင်) ၀၂၈၅၄၇နှင့်အများသိစေရန် ကြေညာချက်ကို ထပ်မံစွဲမြဲအတည်ပြု၍ (၉-၁-၂၀၂၄)ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာကြေညာချက်များအပေါ် တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

(၉-၁-၂၀၂၄)ရက်ထုတ် ကြေးမုံသတင်းစာနှင့်မြန်မာ့အလင်းသတင်းစာကြေညာချက်တို့တွင်ပါရှိသည့် "အဖြစ်မှန်များမဟုတ်ဘဲ အမှုသည်၏ ထိန်ချန်ကွယ်ဝှက်၍ တလွဲညွှန်ကြားခံထားရသည့်အချက်အလက်အပေါ် အခြေခံ၍ ကြေညာထားခြင်းဖြစ်ကြောင်း" ဖော်ပြချက်နှင့် "မိခင်ကြီး ဒေါ်တင်မိ၏ ကျန်းမာရေးသည် အယ်လ်ဇိုင်းမားရောဂါဖြင့် အမြန်ဆုံးဆေးရုံတက်ကုသမှုပြုလုပ်ရမည့် အခြေအနေဖြစ်ကြောင်း" ဖော်ပြချက်များမှာ လုံးဝမှန်ကန်ခြင်းမရှိပါ။ မိခင်ကြီး ဒေါ်တင်မိမှာ ကိုယ်စိတ်ကျန်းမာပြီး သတိကောင်းစွာရှိကြောင်း ကိုယ်တိုင်မြင်တွေ့သိရှိသဖြင့်လည်းကောင်း၊ ဆရာဝန်ကြီးများ၏ ဆေးထောက်ခံစာမူရင်းများကို မြင်တွေ့သိရှိသဖြင့်လည်းကောင်း မိခင်ကြီး ဒေါ်တင်မိကိုယ်တိုင် တိုက်ရိုက်ဖွင့်ဟ ညွှန်ကြားချက်အဖြစ်မှန်များကို ထည့်သွင်းကြေညာခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဦးကိုကိုမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လတ်လတ်စိုးမှ ပေးပို့လာသည့် ( -၁-၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာအပိုဒ်(၁) ဖော်ပြချက်အရ မိခင်ကြီး ဒေါ်တင်မိ ပိုင်ဆိုင်သည့် ဦးတင်မောင်အေး အမည်ပါ နှစ်(၆၀) မြေငှားဂရန် စာချုပ်နှင့် လိုအပ်သောစာရွက်စာတမ်းများကို ဦးကိုကိုမောင်၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လတ်လတ်စိုး လက်ဝယ်ရောက်ရှိနေကြောင်း သိရှိရပါသည်။ မိခင် ဒေါ်တင်မိအနေဖြင့် အဆိုပါ အိမ်ခြံမြေကို ပေးကမ်းရန် ဆန္ဒမရှိသကဲ့သို့ ရောင်းချရန်လည်း ဆန္ဒမရှိပါကြောင်း ဒေါ်တင်မိ၏ ညွှန်ကြားချက်အရ ရှင်းလင်းကြေညာအပ်ပါသည်။

သို့ပါ၍ ဦးကိုကိုမောင်၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လတ်လတ်စိုး၏ လက်ဝယ်ရောက်ရှိနေသည့် မိခင်ဒေါ်တင်မိပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ် (၇၇၄)၊ ဧရိယာ(၀ ဒသမ ၀၇၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၅၁၆၉/၂၀၀၂ မူရင်း၊ နှစ်(၆၀)ဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်မူရင်းတို့ကို ပိုင်ရှင် ဒေါ်တင်မိလက်ဝယ်သို့ လက်ထိလက်ရောက်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ကြောင်း တုံ့ပြန် ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်မိ ၁၂/ရကန(နိုင်) ၀၂၉၃၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်လှလှလွင်(စဉ်-၅၇၇၃) | ဒေါ်နွယ်နွယ်ဇင်(စဉ်-၁၅၇၂၄) | ဦးဝေဖြိုးကျော်(စဉ်-၁၇၀၀၅) |
| ဒေါ်လဲ့လဲ့ဝင်း(စဉ်-၁၄၁၃၂) | ဒေါ်ဝေဇင်အောင်(စဉ်-၁၆၇၀၆) | ဦးတင်ထွန်းမြင့်အောင်(စဉ်-၁၇၂၉၂) |
| ဒေါ်သန္တာမော်(စဉ်-၁၄၁၅၂) | | ဦးထက်ခေါင်(စဉ်-၁၇၅၆၉) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၀၈/၁၁၀)၊ ၃လွှာ၊ ၃၈လမ်း၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄၊ ၀၁၈-၃၈၄၇၈၃**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ရပ် (၇)၊ ကျွန်းကလေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၃ᶜ)၊ မြေကွက်အမှတ် (၁၀၆ ᴬ)၊ ဧရိယာ ၀ ဒသမ ၀၃၃၁ ဧက အား ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်နေ ဦးမင်းကျော်မွန်ပါ (၂) ဦး အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ (၃) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ရပ် (၉)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၄၁ᵏ)၊ မြေကွက်အမှတ် (၁၀၂ᴬ)၊ ဧရိယာ ၀ ဒသမ ၀၆၁၇ ဧကအား ညောင်လေးပင်မြို့၊ မြို့မ (၃) ရပ်ကွက်နေ ဒေါ်မြင့်သိန်း အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင် မြို့နယ်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၁၉၆ᵇ)၊ ငှက်ပျောတောရွာကွင်း၊ ဦးပိုင်အမှတ် (၇၂ᵃ/၁)၊ ဧရိယာ ၀ ဒသမ ၁၂၀၀ ဧကအား ညောင်လေးပင်မြို့နယ်၊ ငှက်ပျောတောကျေးရွာ အုပ်စုနေ ဦးမျိုးမင်းနိုင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## ဆေးနှင့်ဆေးပစ္စည်းတင်ဒါခေါ်ယူခြင်း

| | |
|---|---|
| **ဆေးနှင့်ဆေးပစ္စည်းတင်ဒါအမှတ်** | - ၁/၂၀၂၄ |
| **တင်သွင်းလွှာပုံစံရောင်းချမည့်ရက်** | - ၁၆-၁-၂၀၂၄ ရက် |
| **တင်ဒါတင်သွင်းလွှာစတင်လက်ခံမည့်ရက်** | - ၁၆-၁-၂၀၂၄ ရက် |
| **တင်ဒါတင်သွင်းလွှာလက်ခံမည့်နေရာ** | - ပဲခူးတိုင်းဒေသကြီးကုသရေး ဦးစီးဌာန၊ တင်ဒါလက်ခံရေးဌာန |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - ၆-၂-၂၀၂၄ ရက် (မွန်းတည့်၁၂:၀၀နာရီ) |
| **(တင်ဒါဖောင်ကြေး၊ တင်ဒါအာမခံကြေး နမူနာပစ္စည်းများ အပ်နှံရမည့်ရက်)** | - (၁-၂-၂၀၂၄ ရက်မှ ၆-၂-၂၀၂၄ရက်) |

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ခုတင်(၁၀၀)နှင့်အောက်ဆေးရုံများအားလုံးတွင် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူမည်ဖြစ်သည်။

တင်ဒါအောင်မြင်သည့်ဆေးနှင့် ဆေးပစ္စည်းများအတွက် ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနက တင်ဒါအောင်ဈေးနှုန်းဖြင့် ဘဏ္ဍာနှစ်အတွင်း ဝယ်ယူရေးစာချုပ်တစ်ကြိမ်ချုပ်ဆိုပြီး အမှာစာ တစ်ကြိမ်ပေးပို့ဝယ်ယူခြင်း၊ လိုအပ်ချက်ရှိပါက ဘဏ္ဍာနှစ်အတွင်း ပေးသွင်းနိုင်လျှင်ထပ်မံဝယ်ယူခြင်း၊ ပစ္စည်းပေးသွင်းမှုစိစစ်လက်ခံခြင်းနှင့် ကျသင့်ငွေပေးချေခြင်းနည်းလမ်းများဖြင့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ တင်ဒါစည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်သူများသည် သတ်မှတ်ချက်များနှင့် အညီ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(တင်ဒါစည်းကမ်းများနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်းအား ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ တင်ဒါတင်သွင်းလက်ခံဌာနခွဲတွင် ရယူနိုင်ပါသည်။)

**(တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ)**

## အများသိစေရန်ကြော်ငြာ

ကျွန်မ၏မိတ်ဆွေ ဒေါ်ခင်သန္တာဝင်း (ဘ) ဦးတင်ဝင်း ၁၂/မဘန (နိုင်) ၁၁၅၁၆၆ သည် ဦးတင်ဝင်း (ဘ) ဦးအုန်းမောင် ၁၂/မဂဒ(နိုင်)၀၇၆၆၃၇ နှင့် မိခင်ဒေါ်သောင်းသောင်းရီ (ဘ) ဦးစောနုနု ၁၀/ကထန(နိုင်)၀၀၆၇၀၉ တို့၏ ဩရသသမီးဖြစ်ပြီး ၎င်း၏ မိခင်ဖြစ်သူသည် ၈-၈-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျွန်မမိတ်ဆွေ၏ဖခင်အမည်ပေါက် ပိုင်ဆိုင်သော အိမ်အမှတ် ၁၄၇၀၊ ကြာဖြူလမ်း၊ နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိခရိုင်၊ နေပြည်တော်ရှိ ပေ(၆၀ x ၈၀) အကျယ် အိမ်ပိုင်းခြံမြေကွက်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကျွန်မမိတ်ဆွေ၏ အကျိုးခံစားခွင့်များ ကျန်ရှိနေသည့်အတွက် ၎င်း၏ဖခင် ဦးတင်ဝင်းမှသော်လည်းကောင်း၊ ဦးတင်ဝင်း၏ ကိုယ်စားလှယ်စာရရှိသူ တစ်ဦးဦးမှသော်လည်းကောင်း၊ အကျိုးခံစားခွင့်ရှိသူဟု ဖော်ပြထားသော တစ်စုံတစ်ဦးမှသော်လည်းကောင်း အထက်ဖော်ပြပါ မြေကွက် တစ်ခုလုံးကိုဖြစ်စေ၊ မြေကွက်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အခြားတစ်စုံ တစ်ဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း တစ်စုံတစ်ရာပြုလုပ်ပါက ကျွန်မ၏မိတ်ဆွေ ဒေါ်ခင်သန္တာဝင်းမှ ကန့်ကွက်ပါကြောင်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြေအသုံးချရေးနှင့် မြေယာစီမံခန့်ခွဲ ရေးဦးစီးဌာန၌ ၁၅-၁-၂၀၂၄ ရက်စွဲပါ စာအမှတ်(၁၄၁) ဖြင့် ကြိုတင်ကန့်ကွက်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်သန္တာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၆၀/၂၀-၁-၂၀၂၁)**
**အမှတ်(၂)၊ လေ့ကျင့်ရေးသင်တန်းကျောင်း၊ ပျဉ်းမနားမြို့၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၂၂၃၈၃၄၆**

## ဦးကျော်တင့်နှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၇)၊ ဦးပိုင်အမှတ် (၂၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးကျော်တင့်ထံမှ ကျွန်မ ဒေါ်စန္ဒာမိုးမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ဂရန်သက်တမ်းမကုန်ဆုံးမီအချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၂၂-၁-၂၀၂၄ ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကျော်တင့်နှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာမိုး**
**(၀-၇)၊(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၅၇၆၆၃၉၅၄**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်၊ မူလတန်းအဆင့် (Grade 1 မှ Grade 5ထိ) သင်ထောက်ကူ ပစ္စည်းများအား ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ခရိုင်ပညာရေးမှူးရုံးများသို့ အရောက်ပေးပို့ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မူလတန်းအဆင့် (Grade-1မှ Grade-5 ထိ) သင်ထောက်ကူပစ္စည်းများ ဝယ်ယူရေးအတွက် တင်ဒါလုပ်ငန်းစဉ်များအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်မည့်ရက်** | - ၁၇-၁-၂၀၂၄ ရက်မှ ၂၃-၁-၂၀၂၄ရက်ထိ |
| (ခ) | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်၊ အချိန်** | - ၃၀-၁-၂၀၂၄ရက် (၁၆:၃၀)နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာရောင်းချ/ တင်သွင်းရမည့်နေရာ** | - ပညာဌာန(၂)၊ အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၈၁၇ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှု အောက်ရှိဈေးမှ RC ဆိုင်ခန်းအမှတ်(တ-၂၇) ဦးစိုးပိုင် ၁၂/သဃက(နိုင်)၀၆၄၁၃၃ အမည်ဖြင့် ထုတ်ပေးထားသော ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ် (မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ် (မူရင်း) ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက် (မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များ တင်ပြပြီး ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစပြီး ၁၄ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးစိုးပိုင်အမည်ဖြင့် ထုတ်ပေးထားသော ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်(မူရင်း)အား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ “ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ် (မိတ္တူမှန်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်မြို့နယ်၊ မြို့မ(၄) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်၊ ရပ်(၇)၊ ကျွန်းကလေးပိုင်း၊ ဦးပိုင်အမှတ် (၄ᵏᵃ/၉)၊ မြေကွက် အမှတ် (၁၁၆၊ ၁၂၃ᴬ၊ ဧရိယာ ၀ ဒသမ ၀၄၅ ဧကအား ဦးအောင်ဇော်မြင့် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ် ဇန်နဝါရီလ ၃၀ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၄) ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်၊ ၂၂၇၊ ငှက်ပျောတောတောင်၊ ဦးပိုင်အမှတ် (၂၆ᵃᵃ)၊ မြေကွက်အမှတ်(၇၄၂)၊ ဧရိယာ ၀ ဒသမ ၀၆ ဧကအား ဦးလင်းလင်းနိုင် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါ မြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၀ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**




## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ပုံနှိပ်ပစ္စည်းများလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်းတရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါအမှတ်** | - Tender.20.Press(2023-2024) |
| **တင်ဒါစတင်သည့်ရက်** | - ၁၆-၁-၂၀၂၄ရက် |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - ၃၀-၁-၂၀၂၄ ရက် မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅၊ ၀၆၇၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မိခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ (အထက) တောနောက်လယ် Grade-5 မှ မောင်မြတ်ဦး၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဒေါ်အေးဆန်း ၆/ကစန (နိုင်)၀၈၄၈၀၅ ဖြစ်ပါကြောင်း။

**ဒေါ်အေးဆန်း**

## ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ (အထက) တောနောက်လယ် Grade-6 မှ မစုမွန်ဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဦးစံဝေ ၆/ကစန (နိုင်) ၀၇၈၄၆၆ ဖြစ်ပါကြောင်း။

**ဦးစံဝေ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4A/2941 ယာဉ်လက်ဝယ်ရှိသူ ဦးပန်းအောင် ၉/မကန(နိုင်)၁၆၆၀၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4E/4421 Honda CrvRd4, Station Wangon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၂/ဗတထ(နိုင်)၀၂၁၃၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန် အသိပေး ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ချီပါစုရပ်၊ ဦးပိုင် အမှတ်(၂ᵉ)၊ ဧရိယာ ၀ ဒသမ ၈၂၁ ဧက အကျယ်အဝန်းရှိ ဒေါ်သိန်းတင် (တူ)မောင်ကို အမည်ပေါက် ဘိုးဘပိုင်မြေ၊ ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ရှိ အထက်ပါ မြေ-မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (ရွှေဘိုမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးစာချုပ်အမှတ် ၁၆၄/၂၀၁၇) အရ တစ်ဦးတည်း ပိုင်ဆိုင်လာသူ ဦးမောင်ကို၊ အဆိုပါဦးမောင်ကို၏ ကိတ္တိမသမီး (ရွှေဘိုမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး စာချုပ်အမှတ် ၁၄၂ / ၂၀၁၅ အရ တရားဝင်ကိတ္တိမသမီး) ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်သူ မပြည့်ပြည့်အောင် ၅/ရဘန(နိုင်)၂၀၆၅၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရွှေဘိုမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်မှတ်ပုံတင်၍ ဦးသာဘ၏သား ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်၊ အိမ်ထောင်မရှိသူ ဦးမောင်ကို ၅/ရဘန(နိုင်)၀၁၇၉၃၈ တစ်ဦးတည်း အမွေဆက်ခံ ပိုင်ဆိုင်ထားသော အဆိုပါ မြေကွက်၏ အလားအစပ်မှာ အရှေ့လားသော်- ဦးပိုင်အမှတ်(၂ᵘ)၊ အနောက်လားသော်-မြို့ရိုး၊ တောင်လားသော်- ဦးပိုင်အမှတ်(၂ᵘ)၊ မြောက်လားသော် - ရွှေဘို- ဆိပ်ခွန်ကားလမ်းစသည့်နယ်လေးရပ်သတ်မှတ်သည့်အတွင်းတည်ရှိသော မြေနေရာ ဖြစ်ပါသည်။

သို့ပါ၍အထက်ပါ ဧရိယာ ၀ ဒသမ ၈၂၁ ဧကအကျယ်အဝန်းရှိ မြေကွက်မှာ မပြည့်ပြည့်အောင် တစ်ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြွင်းမဲ့ အမွေဆက်ခံပိုင်ဆိုင်ပါသည်။အဆိုပါပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ မပြည့်ပြည့်အောင်ထံသို့ဖြစ်စေ၊ ယနေ့ သတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မပြည့်ပြည့်အောင်၏ ခွင့်ပြုချက်မရဘဲ၊ ရောင်း-ပေါင်-ငှား-လဲ-ပေး -လှူ-လွှဲ-အာမခံထား-အမည်ပြောင်း-ရုံးကိစ္စ ဆောင်ရွက်ခြင်း စသည်တို့ မပြုလုပ်ရန် တားမြစ်အပ်ပါသည်။

**မပြည့်ပြည့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဝင်း** | (B.SC) (H.G.P) (R.L 2) (D.B.L)(D.I.L) (P-G.D.L) (DL-101, IP Law, WIPO, Geneva, Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၅) |
| **ဒေါ်စိန်မေဝင်း** | (LL.B) (D.B.L)(DL-101,WIPO) အထက်တန်းရှေ့နေ (စဉ်-၂၅၃၇၆) |
| **ဒေါ်ဇင်ဇင်ထွန်း** | (LL.B) (DL-101, WIPO) အထက်တန်းရှေ့နေ(စဉ်-၄၅၁၂၉) |
| **ဦးကျော်မောင်ဝင်း** | (LL.B) (D.B.L) (DL-101, WIPO) အထက်တန်းရှေ့နေ (စဉ်-၄၂၇၅၃) |
| **ဒေါ်ငွေငွေအောင်** | (LL.B) (DL-101, WIPO) အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၉) |
| **ဦးရဲကျော်ဝင်း** | (LL.B) (D.B.L) (DL-101, WIPO) အထက်တန်းရှေ့နေ (စဉ်-၄၂၈၇၆) |

**ရုံးခန်း-"နတ်"အုပ်စု** “နတ်မြင်းပျံ” (၆၂)လမ်း၊ (၁၁၂ လမ်း နှင့် ၁၁၂ A လမ်းကြား)၊ ဓ-၅/၂၃+၂၄၊ အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

Ph-09-2020802, 09-792020802, 09-892293291, 09-402512012, 09-457611022, 09-402598364, 09-444003656

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃/ချမ်းအေးအရှေ့၊ ဦးပိုင်အမှတ်(၉၄ဈ)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်နုနုနိုင် ၉/ပမန(နိုင်)၀၀၈၀၇၂ မှ ဘိုးဘပိုင်မြေ အမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၁၆/၁၈-၁/နပတ (မြို့/မြေ)၊ အရောင်းအဝယ်စာချုပ်အမှတ်(၄၆/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်တင့် ၉/ပမန(နိုင်)၀၀၈၀၇၃ အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ သဃ်န်းကျွန်းကြီး(အနောက်ပိုင်း)၊ ဇော်တိက(၃)လမ်းနှင့် (၅)လမ်းကြားရှိဇော်တိက(၃) လမ်း အလျား(၁၀၃)ပေ x အနံ ($\frac{၂၃၂}{၁၈၈}$)ပေ ဥယျာဉ်ခြံမြေ အမည်ပေါက် ပြေစာဖြင့် ယင်းမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးလှရွှေ ၁၂/လမန(နိုင်)၀၂၆၅၈၈ က အဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးလှရွှေ ၁၂/လမန(နိုင်)၀၂၆၅၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထွန်းကြိုင် ၁၂/မဂဒ(နိုင်)၀၇၆၂၉၇၊ ဦးဇော်ထွန်း ၁၂/မဂဒ(နိုင်) ၀၁၅၁၆၀၊ ဦးရန်အောင်စိုး ၁၂/မဂဒ(နိုင်)၀၅၃၅၂၄ တို့က ဝယ်ယူရန်အတွက် မြေကွက်တစ်ခုလုံး တန်ဖိုးအတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက မြေကွက်အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းမြတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၃)**
**ဖုန်း-၀၉-၂၅၀၁၆၈၁၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးထွေး ၈/တတက (နိုင်)၁၅၆၈၂၇ ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁၈)၊ ပုဂံ(၁)လမ်း၊ မြေကွက်အမှတ်(၂၀၉)ဟု ခေါ်တွင်သည့် ဒေါ်မြအိ အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း ပေ (၄၀ x ၆၀) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဦးခွန်ပိုထူးကျော်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ယခုကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း နောက်ဆုံးထားပြီး ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးအောင်ကျော်မြင့် | ဒေါ်သန္တာစိုး |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၇၃) |

**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ နမ့်ဆီးကျေးရွာအုပ်စု၊ ပင်ငိုရွာနေ (ဘ)ဦးကိုကို(ခ) ဦးဗစ်တာတင်စိန်၏ သမီး ဒေါ်နန်းဖြူ(ခ)ဒေါ်နန်းဘိုဖြူ ၁၃/ တကန(နိုင်) ၁၀၂၅၈၃ မှ တောင်ကြီးမြို့နယ်၊ နမ့်ဆီးကျေးရွာအုပ်စု ပင်ငိုရွာနေ(ဘ)ဦးပျို၏ သမီး ဒေါ်နန်းမူးလေး ၁၃/တကန(နိုင်)၁၃၃၃၁၄ ထံသို့ ၂၇-၁၂-၂၀၂၃၊ Regd. No.93/2023 ဖြင့် နိုတြီပဗ္ဗလစ်ထံ၌ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခဲ့ သည့်အပေါ် ဒေါ်နန်းဖြူ(ခ)ဒေါ်နန်းဘိုဖြူမှ ၎င်း၏ဆန္ဒဖြင့် ပြန်လည် ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းဖြူ (ခ)ဒေါ်နန်းဘိုဖြူ ၁၃/တကန(နိုင်)၁၀၂၅၈၃**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ် (၁၀၄၆/ခ)၊ မြေအကျယ်အဝန်းပေ(၂၀ x ၆၀)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၆)ထပ်တိုက်၏ (၅လွှာ/စတုတ္ထထပ်)၊ တိုက်ခန်းအကျယ်အဝန်း (၁၈ x ၅၄)ပေရှိ တိုက်ခန်း(၁)ခန်း၊ ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဦးထွန်းလင်းအောင် ၁၂/ဥကတ(နိုင်)၁၃၂၃၉၀ က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးတိုးလှိုင် ၁၂/လသန(ပြု)၀၀၀၉၉၆ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊အခန်း(၁၀၄/ဒီ)၊ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်ခိုင်ပွင့်ခတ္တာ ၁၂/ကမရ(နိုင်)၀၅၉၀၅၀ သည် အောက်ပါ အတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်ခိုင်ပွင့်ခတ္တာသည် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၉/ဘီ) ပထမထပ်၌ **Peakfinity Co., Ltd** အမည်ဖြင့် ကုမ္ပဏီရုံးခန်း ဖွင့်လှစ်၍ Well-Being Service လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။ လွန်ခဲ့သော ၂၇-၁၂-၂၀၂၃ ရက်တွင် ကျွန်မပိုင် ကုမ္ပဏီ၏ ရုံးခန်းမှာ ဖောက်ထွင်းခံရပြီး ရုံးခန်းအတွင်းရှိ အသုံးအဆောင် ပစ္စည်းများအပြင် ကုမ္ပဏီအမည်ပါရှိသော တံဆိပ်တုံး၊ ဒေါ်ခိုင်ပွင့်ခတ္တာ အမည်နှင့် ရာထူးပါရှိသော တံဆိပ်တုံး၊ ကသခမှတ်ပုံတင်နှင့် ၂၀၂၀-၂၀၂၃ ထိ အခွန်ဆောင်စာရွက်စာတမ်းများ၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ထုတ်ယူခြင်း စာရွက်စာတမ်းများ ခိုးယူခံခဲ့ရပါ၍ ထိုကိစ္စအား သက်ဆိုင်ရာ ရဲစခန်းတွင် ကျွန်မမှ အမှုဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ အဆိုပါ စာရွက်စာတမ်း များနှင့် တံဆိပ်တုံးများအား တွေ့ရှိသူအနေဖြင့် ကျွန်မထံသို့ အမြန်ဆုံး ကူညီဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထိုသို့ ပျောက်ဆုံးနေသည့် ကာလအတောအတွင်း ကျွန်မအမည်ပါ တံဆိပ်တုံးများအား အသုံးပြု၍ဖြစ်စေ၊ ကုမ္ပဏီအမည်ပါ တံဆိပ်တုံးအား အသုံးပြု၍ဖြစ်စေ၊ ကုမ္ပဏီ၏စာရွက်စာတမ်း များအား တွေ့ရှိသူက အခြားသူတစ်ဦးဦးထံ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း ပြုလုပ်သည့်ကိစ္စရပ်များသည် ကျွန်မနှင့်ပတ်သက် သက်ဆိုင်ခြင်း လုံးဝမရှိ သည့်အပြင် ထိုသို့ပြုလုပ်သည်ဟု ကြားသိရပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ပွင့်ခတ္တာ ၁၂/ကမရ(နိုင်)၀၅၉၀၅၀**
**အမှတ် (၁၉/ဘီ)၊ ပထမထပ်၊ ကျောက်ကုန်းရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၂၈၂၄၅၂၂**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်မြင့် ၁၂/တမန(နိုင်)၀၈၄၄၂၅၊ ၁၄၄ လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့်ဒေါ်ကေသီခင် ၁၂/တမန(နိုင်)၁၁၄၄၀၅ တို့သည် ၂၀၁၀ ပြည့်နှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား(၂)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါတွင် ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်မြင့်နှင့် ဒေါ်ကေသီခင်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ခြင်းတို့ကြောင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်သောကြောင့် ၁၅-၁-၂၀၂၄ ရက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား အသိသက်သေများရှေ့ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ သားသမီး အုပ်ထိန်းခွင့်နှင့်ပတ်သက်၍ ဖခင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်မြင့်မှ သား(၂)ဦးစလုံးအား ရာသက်ပန်ကျွေးမွေးစောင့်ရှောက် အုပ်ထိန်းခွင့်ကိုလည်း မိခင်ဖြစ်သူ ဒေါ်ကေသီခင်မှလည်း သဘောတူ ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်ကေသီခင်တို့မှာ တစ်ဦးနှင့်တစ်ဦး လူမှုကွန်ရက် (Facebook) မှတစ်ဆင့် မဟုတ်မမှန် စောင်းမြောင်း ရေသားပြောဆိုခြင်းများ မပြုလုပ်ပါရန်နှင့် စီးပွားရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း ကိစ္စအဝဝတို့အား မည်သို့မျှပတ်သက်ခြင်းမရှိတော့ကြောင်းနှင့် ဒေါ်ကေသီခင်၏ ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးချမ်းမိုး(LL.B,D.B.L,D.I.T)**
**(စဉ်-၅၁၁၆၀) အထက်တန်းရှေ့နေ**
**အမှတ်(၁၄၀)၊ မြန်မာ့ဂုဏ်ရည်လမ်းကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၉၄၂၈၆**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သက်ဟန် ၁၂/လမတ(နိုင်) ၀၃၅၈၈၇၊ အမှတ်(၄၅)၊ တေးနုယဉ်လမ်း၊ ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇီးပင်ဝဲကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၄၃- ဘီ)၊ နေကျော်ကွင်း-ဦးပိုင်အမှတ်(၈/ခ)၊ ဧရိယာ (၁၀ ဒသမ ၃၄ ဧက) ရှိ လယ်မြေအား ဦးဟုတ်ကြီး အမည်ဖြင့် ပုံစံ(၇) ထွက်ရှိထားပြီး ယခုအခါ ဖခင်ဖြစ်သူ ဦးဟုတ်ကြီးမှာ ကွယ်လွန်သွားသဖြင့် သားဖြစ်သူ ဦးမောင်အေးမှ အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများ ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့် (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောလင်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၄၆၆(၃၁-၁၂-၂၀၁၃)**
**အမှတ်(၄၉၃)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၇၇၆၀၉၀၃၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကန်ဘဲ့တာဝါ၊ Block E, Unit No-04, Level - 12 အခန်းအမှတ် E-1204, အခန်းအကျယ်အဝန်း 1035 Sq.ft ရှိ လူနေကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမျိုးမောင်မောင် ၁၂/ကမရ(နိုင်)၀၅၇၂၃၀ မှလည်းကောင်း အပြည့်အဝပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ကွန်ဒိုတိုက်ခန်းအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်း အဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးဖေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၇/၂၀၀၇)**
**တိုက်(၂၆/၄)၊ အခန်း(၁၀၂)၊ သုနန္ဒာ(၁)လမ်း၊ သုမင်္ဂလာအိမ်ရာ၊**
**သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၅၀၆၃၁၂၀၊ ၀၉-၄၄၃၀၀၄၅၉၁**

## ညောင်တုန်းမြို့၊ မဟာဝိသုတာရာမ (ပါဠိတက္ကသိုလ်) တိုက်သစ်ကျောင်းတိုက်၊ ကျောင်းတိုက်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် ရာပြည့်ပွဲတော် စည်ကားစွာ ကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အမှတ်(၇)ရပ်ကွက်ရှိ မဟာဝိသုတာရာမ(ပါဠိတက္ကသိုလ်)တိုက်သစ် ကျောင်းတိုက်၊ တည်ထောင်ခြင်းနှစ်(၁၀၀)ပြည့် ရာပြည့်ပွဲတော်အား ဆင်ယင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ကျောင်းတိုက်ကြီး၏ အရိပ်ကိုခိုလှုံပြီး၊ ပညာနို့ရည် သောက်သုံးခဲ့ကြသော အနယ်နယ်အရပ်ရပ် ပြည်တွင်း/ပြည်ပရှိ တိုက်သစ်နွယ်ဖွား ဝံသသံဃာတော်များ ကျောင်းတိုက်ကြီး၏ ပညာဂုဏ်နှင့် သာသနာတော်ကို ကြည်ညိုလေးမြတ် ဆည်းကပ်ကြသော ဒါယကာ/ဒါယိကာမအပေါင်းတို့က မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်၊ ကျောင်းတိုက် တည်ထောင် နှစ်(၁၀၀)ပြည့်မြောက်ခြင်း၊ ရာပြည့် မော်ကွန်းကျောက်စာတိုင် စိုက်ထူခြင်း၊ ရာပြည့်မော်ကွန်း စာစောင် အမှတ်တရထုတ်ဝေခြင်းနှင့် ပဉ္စမမြောက် လက်ရှိ ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီးအား အမှူးထားလျက် တိုက်အုပ်၊ နာယက၊ စာချ၊ စာသင်အရှင်မြတ်များ တိုက်သစ်ဝံသ အနွယ်ဝင် သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများက ရာပြည့်သဘင်ကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ပါသည်။ မဟာဝိသုတာရာမ တိုက်သစ် ကျောင်းတိုက် တည်ထောင်ခြင်း၊ နှစ်(၁၀၀)ပြည့် ရာပြည့်ပွဲတော်အခမ်းအနားအား ၁၃၈၅ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် (၆၊ ၇၊ ၈၊ ၉)ရက်၊ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၊ ၂၊ ၃၊ ၄)ရက်များတွင် စည်ကားထည်ဝါစွာ ကျင်းပပြုလုပ် သွားမည်ဖြစ်ရာ ရပ်နီး/ရပ်ဝေး တိုက်သစ် ဝံသ နွယ်ဖွား သံဃာတော်များ၊ တပည့်ဒါယကာ/ဒါယိကာမ အပေါင်းတို့က ပေါင်းစုကာ ကုသိုလ်ပြု ပါဝင်လှူဒါန်းနိုင်ရန် ဘဒ္ဒန္တ ဣန္ဒာစရိယာဘိဝံသ(တိုက်အုပ်ဆရာတော်) (ဖုန်း-၀၉-၇၄၀၉၃၇၈၇၆)၊ ဘဒ္ဒန္တရေဝတ (ဖုန်း -၀၉-၇၄၀၉၃၇၈၇၁)၊ ဘဒ္ဒန္တ ဥတ္တမာဘိဝံသ(ဖုန်း-၀၉-၄၅၁၀၄၂၇၂၀)၊ ဦးကျော်ဝင်း(ကော်မတီဥက္ကဋ္ဌ) (ဖုန်း-၀၉-၆၆၆၈၈၆၇၇၂)၊ ဦးမြင့်လွင်(ကေခိုင်ဦးကုမ္ပဏီ) (ဖုန်း-၀၉-၇၅၇၅၃၀၆၃၀) တို့ထံသို့ ဆက်သွယ်ပါဝင် လှူဒါန်းနိုင်ကြောင်းနှင့် တိုက်သစ်နွယ်ဖွား ဝံသ သံဃာတော်များ၊ ရပ်နီး/ရပ်ဝေး တပည့် ဒါယကာ/ဒါယိကာမ အပေါင်းတို့က နှစ်(၁၀၀)ပြည့် ရာပြည့်ပွဲတော်အား တက်ရောက်ကြပါရန်နှင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပူဇော်ပွဲ ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။

**နှစ်(၁၀၀)ပြည့် ကျောင်းတိုက်ရာပြည့်ပွဲတော်ကျင်းပရေးကော်မတီ**
**ညောင်တုန်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/80998 Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၇/နတလ(နိုင်) ၀၃၆၃၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/8271 Mahar Nwe Truck(2.5)Ton, Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြုံးပြုံးဝေ ၅/စကန(နိုင်)၁၈၃၉၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၁၊ ဦးပိုင်အမှတ် (၅၉)/၊ ၆၁.A လမ်းနှင့် ၁၂၆.Aလမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထင်အောင် ၅/ခတန(နိုင်)၀၂၇၈၈၃၊ ဒေါ်နွယ်နီ ၁၃/ပလတ(နိုင်)၀၁၂၃၀၉ တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါ သည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## အလုံခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၃

၁။ ဦးသန်းထွန်း(ခ)တန်အိမ်ကျမ်း နှင့် ဦးအေးလွင်
၂။ဒေါ်မေသူ

**တရားလိုများ** **တရားပြိုင်**

အမှတ်(၇၃)၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးအေးလွင် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်း များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၁၉၀)၊ သီရိမာလာအိမ်ရာ၊ သော်ကဆောင်၊ အခန်းအမှတ် (၁၁)၊ ပထမထပ်အား ဦးမျိုးဝင်းမှ တိုက်ခန်းအရောင်းအဝယ် အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူပြီး တိုက်ခန်းအမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တိုက်ခန်းပိုင်ဆိုင်မှု စာအုပ်အမည်ပြောင်း တင်ပြလျှောက်ထား လာခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ အောက်ပါ လိပ်စာသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးမျိုးဝင်း ၅/စကန(နိုင်)၁၅၉၃၅၆**
**အကွက် (၁၉၀)၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။**

## ဦးဟန်ဝင်းအောင် (ဘ) ဦးမောင်တင် ၉/နထက(နိုင်)၁၀၂၄၅၆ နှင့် အများသိစေရန်အသိပေးကြေညာချက်

ဦးပေါ်ဆလ(ဘ)ဦးစောသာဂဒူး ၉/မရတ(နိုင်)၀၇၃၁၅၅ ၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း ၉/မမန(နိုင်)၀၁၇၀၄၂ မှ အောက်ပါအတိုင်း ဦးဟန်ဝင်းအောင်နှင့် အများသိရှိစေရန်အတွက် အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ကံကြီးကုန်းအုပ်စု၊ အောင်ချမ်းသာ ကျေးရွာရှိ ကွင်းအမှတ် (၆၆၂)၊ ဦးပိုင်အမှတ် (၁၉)၊ ဧရိယာ ၁ ဒသမ ၄၀ ဧကရှိ မြေအား ၂၀-၂-၂၀၂၂ ရက်တွင် ဦးဟန်ဝင်းအောင်မှ ဝယ်ယူခဲ့ပြီး ရောင်းကြေးငွေကို (၅)ကြိမ်ခွဲ၍ ပေးချေမည်ဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် သက်သေများရှေ့မှောက်၌ ဝန်ခံကတိပြု၍ စရန်ပေးကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့သော် ဦးဟန်ဝင်းအောင်သည် စာချုပ်ပါအတိုင်း ရောင်းကြေးငွေကို ပြည့်ဝစွာမပေးဘဲ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ပေးချေရမည့်ငွေများကို ပေးချေခြင်းမရှိဘဲ ယနေ့တိုင် ပျက်ကွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့ဘက်မှ အကြိမ်ကြိမ် အသိပေးအကြောင်းကြား တောင်းဆိုသော်လည်း ဦးဟန်ဝင်းအောင်မှ ပေးချေခြင်း မရှိဘဲ ယခုအခါ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။

ထို့ကြောင့် ဦးဟန်ဝင်းအောင်အနေဖြင့် ယခုကြေညာစာပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ပေးချေရန် ကျန်ငွေများကို လာရောက်ပေးချေပါရန်နှင့် ပျက်ကွက်ပါက ဥပဒေရှိသည်နှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက် သွားမည်ဖြစ်ပြီး ဦးဟန်ဝင်းအောင်ထံမှ မြေကွက်ဝယ်ယူထားသူများအနေဖြင့် မိမိတို့ရောင်းဝယ်သည့် မြေနှင့်ပတ်သက်၍ ဦးဟန်ဝင်းအောင်နှင့်သာ ဖြေရှင်းကြပါရန် အသိပေး ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဦးပေါ်ဆလ(ဘ)ဦးစောသာဂဒူး** | **ဒေါ်ခင်ရွှေထူး(LL.B)** |
| **(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဦးဇော်ဝင်း)** | **(စဉ်-၁၁၀၈၉/၁၆)** |
| | **အမှတ် ၉၈၊ (၈)လမ်း၊ (၇)ကွက်၊** |
| | **ရကက(၄)၊ ပြင်ဦးလွင်မြို့။** |

**သွေးသည် အသက်**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂)ရပ်ကွက်၊ ရတနာ့လမ်းရှိ မြေပိုမြေ ပေ(၄၀ x ၆၀) မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးသက်အောင်သူမှ ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂)ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ်(၁၁၇)တွင် နေထိုင်သူ ဦးတင်ဝင်း ၁၂/သဃက(နိုင်)၁၀၉၄၆၃ ထံမှ ဝယ်ယူ၍ နေထိုင်လာခဲ့သည်မှာ ၂-၉-၂၀၁၄ မှစ၍ ယနေ့အချိန်ထိ ဖြစ်ပါသည်။

**ဦးသက်အောင်သူ ၁၂/ဒဂတ(နိုင်)၀၄၂၇၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းနန်းအောင်(LL.B)၊ (စဉ်-၅၂၁၁၁)**
**အထက်တန်းရှေ့နေ**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၃၁၆၃၄၇၅၊ ၀၉-၄၄၉၅၈၄၄၅၂**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂)ရပ်ကွက်၊ ရတနာ လမ်းရှိ မြေပိုမြေ ပေ(၄၀ x ၆၀)အား ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မိုးလွင်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂)ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ်(၁၄၄)တွင် နေထိုင်သူ ဦးခင်ဇော် ၁၂/လကန(နိုင်)၁၃၀၁၄၄ ထံမှ ဝယ်ယူ၍ နေထိုင်လာခဲ့သည်မှာ ၇-၁၂-၂၀၁၄ မှ ယနေ့အချိန်ထိ ဖြစ်ပါသည်။

**ဦးတင်မိုးလွင် ၁၂/မဂတ (နိုင်)၀၈၀၀၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းနန်းအောင်(LL.B)၊ (စဉ်-၅၂၁၁၁)**
**အထက်တန်းရှေ့နေ**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၃၁၆၃၄၇၅၊ ၀၉-၄၄၉၅၈၄၄၅၂**

## သတိပေးတားမြစ်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ု၏မိတ်ဆွေများဖြစ်သူ ဦးစိုးနိုင်ဝင်း ၃/ဘအန(နိုင်)၂၅၄၄၄၆ နှင့် မဖူးပွင့်ခိုင် ၁၂/ဒဂတ(နိုင်)၁၃၅၅၇၆ အမှတ်(၁၁) ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့သည် Online shopping လုပ်ငန်းဖြင့် လူမှုကွန်ရက် Facebook၊ Instergramတို့ပေါ်တွင် နာမည်ကောင်းဖြင့် လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကန်ဘဲ့လမ်း၊ အမှတ်(၉/၁၁)၊ ကန်ဘဲ့တာဝါ၊ စတုတ္ထထပ်၊ ဘလောက်(C)၊ အခန်း(၄၀၁)တွင်နေထိုင်သူ ဒေါ်တင်တင်ဦး၊ မမြတ်ဝတ်ရည်ဝင်း၊ ကိုခန့်သူရဝင်းတို့မှ Facebook စာမျက်နှာပေါ်တွင် မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့မမှန်မကန်ပြုလုပ်ဆောင်ရွက်ချက်သည် ကျွန်ုပ်၏မိတ်ဆွေ(၂)ဦး၏ ဂုဏ်အသရေကို များစွာခိုက်နစ်နာလျက်ရှိပါသည်။ လူကြီးမင်းတို့၏ ပြုလုပ်မှုများကို ချက်ချင်းရပ်တန့်ရန်နှင့် ဖော်ပြချက်များကို ဖယ်ရှားပစ်ရန် မိမိတို့၏ဖော်ပြချက်မှာ မှားယွင်းကြောင်း နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းဖော်ပြရန် ကျွန်ုပ်မှ တောင်းဆိုအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းနန်းအောင်(LL.B)၊ (စဉ်-၅၂၁၁၁)**
**အထက်တန်းရှေ့နေ**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၃၁၆၃၄၇၅၊ ၀၉-၄၄၉၅၈၄၄၅၂**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးကုတ်မြို့၊ တောင်ကချင်ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ (တောင်ကချင်အနောက်)၊ မြေယာအမှတ်(၈/၁၃၂)၊ ဧရိယာ ၀ ဒသမ ၀၈၇၈ ဧကရှိ မြေအား ဦးအိုက်လောင်း ၉/မကန(နိုင်)၀၄၅၃၁၉ မှ မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၇)တွင် နေထိုင်သူများ ဖြစ်သော ၁။ ဒေါ်မြင့်မြင့်ဦး (ဘ) ဦးမောင်ရှိန် ၁၂/သကတ(နိုင်)၀၀၇၈၁၄၊ ၂။ ဒေါ်စန်းစန်းမြင့် (ဘ) ဦးမောင်ရှိန် ၁၂/သကတ(နိုင်) ၀၁၃၉၅၉၊ ၃။ဦးကျော်စိုး (ဘ) ဦးမောင်ရှိန် ၁၂/သကတ(နိုင်)၀၀၈၈၀၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

